ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ စနေနေ့၊ (24-7-2004) (၄၃၀၄)

ဂါရဝေါ စ
တေံ မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းသော နယ်စပ်ဒေသအဖြစ် ရပ်တည်နေ
နှစ်နိုင်ငံစီးပွားရေး တိုးတက်မှုနှင့် နယ်စပ်နေပြည်သူများဘဝ တိုးတက်ရေး များစွာအထောက်အကူပြု
နှစ်နိုင်ငံခေါင်းဆောင်များက နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုသည့် ဆန္ဒရှိ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုဇူလိုင်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ၌ တရုတ်နိုင်ငံခေါင်းဆောင်များအားလုံးက မြန်မာ-တရုတ် နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် ဆွေးနွေးခဲ့ကြကြောင်း။

အမှန်တကယ်အားဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်သည့် သဘောတူစာချုပ်တစ်ခု ယခင်ကပင် ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋



ပန်ဆောင်ရွာကြီး မြို့အဆင့်သို့ တင့်တယ်စွာ တက်လှမ်းနိုင်ခဲ့ပြီ

စစ်ကိုင်းတိုင်း၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်မှ ပန်ဆောင်ဒေသသည် ၂၀၀၂ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှစ၍ ပန်ဆောင်မြို့အဆင့်သို့ လှမ်းတက်နိုင်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်မြောက်ဒေသတွင် ထွန်းတောက်လာသော ကြယ်တစ်ပွင့်ပင်ဖြစ်သည်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး -စာမျက်နှာ ၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(24-7)km.P65 1 24/7/04, 1:38 AM

ကြေးမုံ The Mirror
၂၄-၇-၂၀၀၄
(စနေနေ့)

နိုင်ငံတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရလဒ်ကောင်းများဖြစ်ထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများဖြစ်ကြသော သမ္မတ မစ္စတာဟူကျင်တောင်၊ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်တို့နှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အထူးသဖြင့် **မြန်မာနိုင်ငံတွင် နိုင်ငံရေး အေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက်ရရှိနေကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးမှုရှိပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေး ထူထောင်ထားကြောင်း၊ မြန်မာနိုင်ငံ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ပတ်သက်၍လည်း အရေးကြီးဆုံး ခြေလှမ်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်ပေးမည့် အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံသို့ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် ၄၀၀ ကျော် အပါအဝင် အလွှာရှစ်လွှာမှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ ဦးနှင့် အောင်မြင်စွာကျင်းပနေကြောင်း၊ ယခုအခါ ကိုယ်စားလှယ်များ နေရပ်သို့ ခေတ္တပြန်သွားကြပြီဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ညီလာခံပြန်လည်စတင်မည်ဖြစ်ကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များကလည်း **မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံကောင်းပီသသည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်ကို မြန်မာတို့ကသာ ဖန်တီးရမည်ဖြစ်ကြောင်း၊ မြန်မာ၏ ပြည်တွင်းရေးကို မြန်မာအစိုးရနှင့် ပြည်သူများက ဖြေရှင်းနိုင်စွမ်းရှိသည်ကို ယုံကြည်ပါကြောင်း၊ ပြည်ပနိုင်ငံများက ဝင်ရောက်စွက်ဖက်ရန် မလိုကြောင်း၊ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက် ပြောင်းမည်မဟုတ်ကြောင်း** ပြောကြားခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး၊ ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး၊ ရှန်ဟိုင်းမြို့တော်ဝန်၊ ရှင်ကျင့်မြို့တော်ဝန်တို့နှင့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာ ပြည်နယ်များရှိ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အကျိုးတူလုပ်ငန်းများဆောင်ရွက်ရန် အစပျိုးနိုင်ခဲ့ခြင်းတို့ကြောင့် များစွာအကျိုးဖြစ်ထွန်းမှုရှိပေသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်-မြန်မာနှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာများ စုစုပေါင်း ၁၂ ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ထို့အပြင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က အလေးထားဆွေးနွေးသည့် စွမ်းအင်၊ ရေအားလျှပ်စစ်၊ သတ္တုတွင်း၊ စက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လယ်ယာကဏ္ဍတို့နှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက တတ်နိုင်သမျှ အကူအညီပေးသွားမည်ဖြစ်ရာ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပေသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးသည် ထူးခြားလေးနက်သည့် အသွင်ဆောင်လျက်ရှိသည်။ မြန်မာနှင့်တရုတ် ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာ ထူထောင်ခဲ့သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ယခုအခါ ပိုမိုတိုးတက်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် စီးပွားရေးနယ်ပယ်တွင် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖြစ်တည်ပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးလာစေပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ရလဒ်ကောင်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်းသစ်တောဒေသ)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်းသစ်တောဒေသ)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၄)ကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်းသစ်တောဒေသ) ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်း သစ်တောဒေသ)အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်းသစ်တောဒေသ) ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အထူးလုပ်ငန်းအဖွဲ့-၇ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းမင်းက လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အထူးလုပ်ငန်းအဖွဲ့-၇ အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်အထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်းသစ်တောဒေသ) ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထူးလုပ်ငန်းအဖွဲ့-၇(အနောက်ပိုင်းသစ်တောဒေသ)ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့-၇ (အနောက်ပိုင်းသစ်တောဒေသ)၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ပူးတွဲဆွေးနွေးပို့ချ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (MDA)နှင့် နိုင်ငံတကာ သွားနှင့်ခံတွင်းဆိုင်ရာ စဉ်ဆက်မပြတ်ပညာပေးရေးကောလိပ်(ICCDE) တို့ ပူးပေါင်းစီစဉ်မှုဖြင့် သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ပူးတွဲဆွေးနွေးပို့ချမှု ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဘမြင့်နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ရန်ကုန်အသင်းခွဲ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ အသင်းဝင်ဆရာဝန်များ၊ ICCDE ဥက္ကဋ္ဌ Dato' Dr. A. Ratnanesan နှင့် အဖွဲ့ဝင်များ၊ အလုပ်သင်ဆရာဝန်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပို့ချမှု အစီအစဉ်များကို ကျင်းပရာ သွားနှင့်ခံတွင်းဆိုင်ရာ ပညာရှင်များက "Clinical Protocol in Dental Practice" ခေါင်းစဉ်နှင့် ပတ်သက်၍ ဟောပြောဆွေးနွေးပို့ချကြသည်။

အဆိုပါ သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ပူးတွဲဆွေးနွေးပို့ချမှုများကို ဇူလိုင် ၁၈ရက်တွင် ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

မိုးရာသီအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၄ခုနှစ်မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း ဝန်ကြီးဌာန ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၂၁ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုပါက ဩဂုတ် ၁၆ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ရုံးခန်းသို့ စာရင်းပေးသွင်းနိုင်ပြီး ဝင်ကြေးအဖြစ် တစ်သင်းလျှင်ကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

(ကြေးမုံ)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ဇူလိုင် ၂၁ရက်နှင့် ၂၂ရက်တို့တွင် ကျင်းပသော စတုတ္ထအကြိမ် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချမ်တာဗီဘိုဟီစိမ်းနှင့် သံရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ် ဇူလိုင်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၅-၇-၂၀၀၄) ရက်

၂၀၀၄ ခုနှစ်၊ ဩဂုတ်လအတွက်

(၁၅-၈-၂၀၀၄)ရက်နှင့် (၂၉-၈-၂၀၀၄)ရက်

ရွှေမင်းဝံစာသင်တိုက် ပါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၃

မြောက်ဥက္ကလာပမြို့ (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ ရွှေမင်းဝံမဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာလင်္ကာရ ဆရာတော်က ဥပုသ်နေ့တိုင်း နံနက် ၉ နာရီမှစ၍ မဂ္ဂင်ရှစ်ပါး ကာယနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားတော်များကို ဟောကြားပြီး မွန်းတည့် ၁၂နာရီမှစ၍ မွန်းလွဲ ၁နာရီခွဲအထိ အနန္တဂုဏ်ရောင် ဦးဘမြင့်က ပဋ္ဌိစ္စသမုပ္ပါဒ် ထွက်ရပ်သံသရာ သစ္စာလေးပါး ပိုင်းခြားဝေဖြာ ပါရမီကံအကြောင်း သိကောင်းစရာ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

❀ **ရှေ့ဖုံးမှ**

ယင်း မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၇ခုနှစ် မတ်လ ၂၅ရက်နေ့တွင် ယင်းအချိန်အခါက မြန်မာနိုင်ငံကို တရားဝင်ခရီး လာရောက်လည်ပတ်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးချုပ် မစ္စတာလော်ဂန်နှင့် မိမိတို့ ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း။

ယင်းစာချုပ်မှာ အဓိကအားဖြင့် နယ်စပ်ဒေသ လူဝင်လူထွက်နေရာများ စွမ်းရည်မြှင့်တင်ရေးနှင့် စီမံခန့်ခွဲရေး၊ နယ်နိမိတ်မှတ်တိုင်များ ပြုပြင်ရေး၊ နယ်စပ်ဒေသများ၌ ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေး၊ နယ်စပ်ဒေသများ၌ တရားမဝင် လက်နက်ကူးသန်းရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသည့်မှုခင်းများ ကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်သန်းမှုစီမံခန့်ခွဲရေး၊ နယ်နိမိတ်ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအကြား ဆက်သွယ်ရေးစနစ် ထူထောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားပြီး ဖြစ်ကြောင်း။

အလှည့်ကျကျင်းပခဲ့

ထို့ကြောင့် စာချုပ်၌ပါဝင်သည့် အခန်းကဏ္ဍများ အကောင်အထည်ဖော်ရာတွင် အခြေအနေတိုးတက်မှုရှိကြောင်း၊ အဆိုပါစာချုပ် အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၁၉၉၉ခုနှစ်မှစတင်၍ ပေကျင်းမြို့နှင့် ရန်ကုန်မြို့တို့တွင် နှစ်စဉ်အလှည့်ကျကျင်းပခဲ့ကြရာ ၂၀၀၂ခုနှစ်အထိ လေးကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း။

၂၀၀၂ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပပြီးစီးခဲ့သည့် စတုတ္ထအကြိမ် အစည်းအဝေး သဘောတူညီချက်များအရ-

(၁) နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြရန်၊

(၂) နယ်စပ်နေပြည်သူများအား ခိုင်လုံ၍ အတည်ဖြစ်သည့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များ ပါရှိမှသာ ဖြတ်သန်းခွင့်ပြုရန်၊

(၃) နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များ၌ ကောက်ခံသည့် အခွန်အခနှုန်းထားများနှင့်ပတ်သက်ပြီး နှစ်ဖက် ညှိနှိုင်းဆောင်ရွက်ကြရန်၊

(၄) နယ်စပ်ဒေသများရှိ နှစ်ဖက်ဒေသအာဏာပိုင်များအကြား အခါအားလျော်စွာ တွေ့ဆုံမှုပြုနိုင်ရေးအတွက် ဆက်သွယ်မှုစနစ် ပြုလုပ်ထားရန် စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း။

အထောက်အကူပြု

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုခဲ့သည့် နယ်စပ်ဒေသများလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု အခြေပြုစာချုပ်သည် ၁၇-၆-၂၀၀၂ရက်တွင် အတည်ဖြစ်လာခဲ့သည့်အတွက် တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်း၊ လောင်းကစားခြင်း၊ လက်နက်ကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ရာဇဝတ်မှုများအား ပူးပေါင်းနှိမ်နင်းခြင်းတို့အတွက် များစွာအထောက်အကူပြုလာကြောင်း။

ကီလိုမီတာ ၂၀၀၀ ကျော် နယ်စပ်မျဉ်းကြောင်းအရ ဆက်စပ်နေသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အထူးသဖြင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား နှစ်နိုင်ငံနယ်စပ်နေပြည်သူများ၏ ကူးလူးဆက်ဆံမှုသည် အလွန်များပြားလှသည့်အတွက် ပြဿနာများ ရံဖန်ရံခါ ပေါ်ပေါက်လာတတ်သည့် သဘာဝရှိကြောင်း၊ သို့သော်လည်း နှစ်နိုင်ငံအနေဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသာမက ညီရင်းအစ်ကိုလို ချစ်ကြည်ရေးကို အလေးထားပြီး ဆောင်ရွက်ခဲ့သည့်အတွက် ကြီးသည့်ပြဿနာကို သေးအောင်၊ သေးသည့်ပြဿနာကို ပပျောက်အောင် ဖြေရှင်းနိုင်ခဲ့မှုကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းသော နယ်စပ်ဒေသအဖြစ် ရပ်တည်နေကြောင်း၊ ဤကဲ့သို့ အေးချမ်းသာယာမှုကြောင့်လည်း နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နယ်စပ်နေ ဒေသခံပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာ အထောက်အကူပြုရာ ရောက်စေခဲ့ကြောင်း။

အလေးထားဆောင်ရွက်လို

မိမိ၏ ဇူလိုင်လ တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို အလေးထားဆောင်ရွက်လိုသည့် ဆန္ဒရှိသည်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း။

မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသများ၌ လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြင့် ဆွေးနွေးပွဲများ ပြုလုပ်ကြရန် ဆန္ဒရှိကြောင်း သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် ယနေ့ နယ်စပ်ဒေသ၌ တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနအသီးသီး၏ တာဝန်ရှိဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်း၊ မိမိတို့ဌာနအလိုက် ဆောင်ရွက်ဖွယ်ရာများ၊ အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ကျင်းပပြီးစီးခဲ့သည့် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးလေးကြိမ်တွင် နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြသည့် နယ်စပ်ဒေသ လူဝင်လူထွက်နေရာများ စွမ်းရည်မြှင့်တင်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း၊ နယ်စပ်ဒေသများ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသည့်မှုခင်းများ ကာကွယ်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်သန်းမှု စီမံခန့်ခွဲရေး၊ ဒေသဆိုင်ရာအာဏာပိုင်များအကြား ဆက်သွယ်ရေးစနစ် ထူထောင်ရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

နယ်စပ်ဒေသများလုံခြုံရေး

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနတို့အကြား ချုပ်ဆိုခဲ့သည့် နယ်စပ်ဒေသများ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု အခြေပြုစာချုပ်အရ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများ တားဆီးရေး၊ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ရာဇဝတ်မှုများအား ပူးပေါင်းနှိမ်နင်းရေးကိစ္စများ ဆောင်ရွက်အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက နှစ်နိုင်ငံနယ်စပ်၌ လူဝင်လူထွက်ဂိတ်များ ဖွင့်လှစ်ထားမှု၊ လူဝင်လူထွက်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နှစ်နိုင်ငံနယ်စပ်အကြား သဘာဝပတ်ဝန်းကျင် မပျက်ယွင်းအောင် ထိန်းသိမ်းရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စ၊ နယ်စပ်၌ဖြစ်ပွားသော မှုခင်းများ လျော့ပါးရေးကိစ္စ၊ နယ်စပ်အခွန်အခကိစ္စရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၄ (စနေနေ့)

၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အကပဒေသာ
၈:၀၀	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	ဂမုန်းရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၃၀	၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၁၁)**
၂:၀၀	၆။	ဟူးမွန်လယ်ကွင်းမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဝတ်မှုန်ကူးပွဲတော်
၂:၁၅	၇။	**ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊ မြသဥ္ဇာလီ) (ဒါရိုက်တာ- မောင်မောင်ဇော်ဝင်း)**
၂:၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၅	၉။	International News.
၃:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၅:၁၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၃၀	၇။	နားဝင်ပီယံ သူ့လက်သံ
၅:၃၅	၈။	တေးဂီတအစီအစဉ်
၅:၄၅	၉။	မြန်မာစာ၊ မြန်မာစကား
၅:၅၅	၁၀။	ချစ်စရာ့အရွယ် ကစားကြမယ်
၆:၂၀	၁၁။	တေးဂီတအစီအစဉ်
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	Discovery
၇:၁၅	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၃၁)**
၇:၄၅	၁၆။	သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည် ရန်ကုန်မြေ (အပိုင်း-၂)
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၉)**
	၂၁။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၃ရက်ထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် လူသစ်တန်း အဆင့်ပြိုင်ပွဲနှင့် (ဂ)အဆင့်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ချီးမြှင့်မည် ဖြစ်သည်။

၂၀၀၄ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူသစ်တန်းလက်ဝှေ့ အားကစားသမားများနှင့် (ဂ)အဆင့် လက်ဝှေ့ အားကစားသမားတို့သည် မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်းသို့ ဇူလိုင် ၂၈ ရက် နောက်ဆုံးထား၍ ရောက်ရှိကြရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲဝင် လက်ဝှေ့အားကစားသမားတို့အား ကိုယ်အလေးချိန် ချိန်ခြင်းနှင့် ဆေးစစ်ဆေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၉ရက်နံနက် ၈နာရီမှ ၁၀ နာရီအထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်း အထူးတန်းပွဲကြည့်စင်၌ ပြုလုပ်မည်ဖြစ်၍ ပြိုင်ပွဲဝင် လက်ဝှေ့အားကစားသမားတို့ စုံလင်စွာ လာရောက်ရမည်ဖြစ်သည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၃

ဦးအောင်ကြီး(သံအမတ်ကြီး-ငြိမ်း) သည် ကစားဖော်များဖြစ်ကြသော ဦးကျော့ချစ်ဖေ၊ ဦးညွန့်ရွှေတို့နှင့်အတူ ဇူလိုင် ၂၁ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Molitor No (3) ဘောလုံးကို Callaway Wood No(7)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၈ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၅)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရမည်



❋ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

❋ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

ဘဂ္ဂဒက် အနောက်တောင်ဘက် ရဲစခန်းအနီး ကားဗုံးပေါက်ကွဲ လူရှစ်ဦးသေဆုံးပြီး ရဲအရာရှိ လေးဦးဒဏ်ရာရရှိ

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အနောက်တောင်ဘက် ရဲစခန်းတစ်ခု၏ အနီးတွင် သင်္ကာမကင်းဖွယ်ရာ ကားဗုံးတစ်လုံး ပေါက်ကွဲရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး ရဲအရာရှိလေးဦးဒဏ်ရာရရှိသွားကြောင်း အီရတ် တာဝန်ရှိပုဂ္ဂိုလ်များ၊ မျက်မြင်တွေ့ရှိသူများနှင့်အမေရိကန်စစ်ဘက်ဆိုင်ရာတို့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ အသေခံကားဗုံးဖောက်ခွဲသူ တစ်ဦး၏ လက်ချက်ဖြစ်သည်ဟု မိမိယူဆကြောင်းနှင့် အဆိုပါ ပေါက်ကွဲမှုကြောင့် လူအချို့သေဆုံးခဲ့ကြောင်း အမေရိကန် ကြည်းတပ်မှ ဗိုလ်မှူးကြီး ဘီလ်စတယ်လာကပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ရဲစခန်းအပြင်ဘက်တွင် ပြတ်တောက်နေသည့် ခြေထောက်အပါအဝင် လူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ပြန့်ကျဲနေကြောင်းရိုက်တာသတင်းဌာနမှ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါပေါက်ကွဲမှုကြောင့် လူရှစ်ဦးနှင့်လုံခြုံရေး အစောင့်ဝစ်ဆစ်အဗ္ဗဒယ်ဆက်တားတို့ သေဆုံးခဲ့ကြောင်း အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့မှ အက်နန်ကာသန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ သေဆုံးသူအားလုံးမှာ အရပ်သားများဖြစ်သည်ဟုယူဆကြောင်း ၎င်းကပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်လေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

လူအများ အလုပ်သို့ ရောက်ရှိနေချိန် နံနက် ၈ နာရီခန့်တွင် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ရဲကားအချို့အပါအဝင် ကားအနည်းငယ်ပျက်စီးခဲ့ရပြီး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တစ်နာရီခွဲကျော်ကြာသည့်အထိ အပျက်အစီးများမှ မီးခိုးလိပ်များထွက်ခဲ့သည်။

ဖြစ်ထွန်း

ဒဏ်ရာရရှိသူများကို လူနာတင်ကားများအတွင်းသို့ တပ်ပို့နေရသည့်အတွက် ရဲစခန်းအပြင်ဘက် လမ်းမပေါ်တွင် သွေးအိုင်ကြီး ဖြစ်ထွန်းနေသည်။

ယင်းပေါက်ကွဲမှုမှာ မကြာသေးမီရက်များအတွင်း ကားဗုံးဖောက်ခွဲမှုများတွင် အဆိုးရွားဆုံး ပေါက်ကွဲမှုဖြစ်သည်။ လွန်ခဲ့သည့် သီတင်းပတ်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ဌာနချုပ်နှင့် အီရတ်ကြားဖြတ်အစိုးရရုံး အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးကာ လူ ၃၀ ခန့်ဒဏ်ရာရရှိခဲ့သည်။

၁၂၅ မိုင်အကွာ

လွန်ခဲ့သည့် သီတင်းပတ်ကပင် ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက်၁၂၅ မိုင်အကွာ အီရတ် အမျိုးသားလုံခြုံရေးအစောင့် တပ်ဖွဲ့တန်းလျားများ အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၀ ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဇူလိုင်၁၇ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်တရားရေးဝန်ကြီး၏ယာဉ်တန်း ကားဗုံးဖောက်ခွဲမှု ခံရပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျ၏ပြည်တွင်းရေး အမေရိကန် ဝင်မစွက်ရန် ကလင်တန်သတိပေး

ဆစ်ဒနီ ဇူလိုင် ၂၂

ဩစတြေးလျ အတိုက်အခံပါတီက လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက အီရတ်ရောက် ဩစတြေးလျ တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းပေးမည့်အကြောင်း ကတိပေး၍ မဲဆွယ်ခဲ့သည်။ ထိုကတိစကားနှင့်ပတ်သက်၍ အမေရိကန်ဘုရှ်အစိုးရက ဩစတြေးလျ လေဘာပါတီကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်သည်။ ထိုလုပ်ရပ်ကို ရည်ညွှန်း၍ အမေရိကန်အနေဖြင့် ဩစတြေးလျ၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်မည်ဆိုပါက တန်ပြန်ဆိုးကျိုးခံစားရမည်ဖြစ်ကြောင်း သမ္မတဟောင်း ကလင်တန်က သတိပေးစကား ပြောကြားလိုက်သည်။

အတိုက်အခံလေဘာပါတီက မဲအနိုင်ရလျှင် ဩစတြေးလျတပ်များကို လာမည့်ခရစ္စမတ်ပွဲတော်အမီ အီရတ်နိုင်ငံမှ မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း မဲဆွယ်ကတိစကားဆိုခဲ့သည်။ ထိုကတိစကားကို ပြန်လည်ရုပ်သိမ်းပေးရန် အမေရိကန်သမ္မတဘုရှ်နှင့်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်တို့က လေဘာပါတီကို ဖိအားပေးလျက်ရှိကြသည်။

ကျွန်တော်သာ သမ္မတဘုရှ်နေရာတွင် ရှိနေပါက ယခုကဲ့သို့ လေဘာပါတီကို ဖိအားပေးမည် မဟုတ်ပါ၊ ဩစတြေးလျရွေးကောက်ပွဲ၌မည်သူပင် အနိုင်ရရှိသည်ဖြစ်ပါစေ မိမိလက်ခံပါမည်၊ အီရတ်ပြန်လည်တည်ဆောက်ရေးကိစ္စကို ကုလသမဂ္ဂကသာဘောတူခွင့်ပြုပြီးဖြစ်သည်နှင့်အညီ ဩစတြေးလျတို့အနေဖြင့် ဆက်လက်ပါဝင်လိမ့်မည်ဟု ယုံကြည်ကြောင်းသာ ပြောဆိုမည်ဖြစ်ကြောင်း ကလင်တန်က ပြောကြားသွားသည်။ ကလင်တန်သည် ဩစတြေးလျအသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတိုင်းက အီရတ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးကို လိုလားကြသည်။ ထို့အပြင်အီရတ်ပြန်လည် တည်ထောင်ရေးလုပ်ငန်းကိုလည်း ကုလသမဂ္ဂအဖွဲ့တွင် အားလုံးက အီရတ်စစ်ပွဲကို ထောက်ခံသူနှင့် မထောက်ခံသူများပါ သဘောတူလက်ခံခဲ့ကြပြီးဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံအများကို ထိုကိစ္စတွင် ပါဝင်ဆောင်ရွက်လာကြရန် ချည်နှောင်ထားပြီးသည့် အနေအထားတွင်ရှိနေပြီဖြစ်ကြောင်း ကလင်တန်က ဆိုသည်။

မိမိတို့ နိုင်ငံအနေဖြင့် ဩစတြေးလျကိစ္စတွင် ယခုမျှထက်ပို၍ မပြောသင့်ဟု မိမိယူဆသည်၊ ထို့ထက်ပို၍ ပြောဆိုမိလျှင် ပထမအချက်အနေဖြင့် အခြားနိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်သည်ဟု အမြင်ခံရနိုင်သည်၊ ဒုတိယအချက်မှာ မဲဆန္ဒရှင်များသည် မည်သို့မည်ပုံ မဲပေးသင့်ကြောင်း ဝင်၍ ဩဇာပေးသကဲ့ရှိသော အဖြစ်ကို မလိုလားကြသောကြောင့် ဖြစ်သည်၊ ထိုသို့အမြင်ခံရလျှင် အမေရိကန် လိုလားချက်များအပေါ် ဘက်ကန်သည့် တုံ့ပြန်မှုမျိုးပင် ပြန်လည်ကြုံတွေ့ရနိုင်သော အနေအထားရှိကြောင်း ကလင်တန်က ပြောကြားသွားသည်။

ဩစတြေးလျနိုင်ငံသို့ အမေရိကန် သံကိုယ်စားလှယ်အဖွဲ့ သွားရောက်ပြီးနောက်ပိုင်းတွင် လေဘာပါတီက သဘောထားအမြင် ပြောင်းစရာရှိကြောင်း လက္ခဏာပြမှုများ ထွက်ပေါ်လာသည်ဟု ဆိုသည်။ ထိုအခြေအနေနောက်ပိုင်းတွင် အမေရိကန်က လေဘာပါတီအပေါ် ဟိန်းဟောက်နေမှုများ လျော့ကျသွားသည်။ လေဘာပါတီခေါင်းဆောင် မတ်လက်ဟမ် နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ပြောကြားရာ၌ အမေရိကန်နှင့် ဆက်ဆံရေး ကောင်းမွန်စေရန် ကြိုးစားမည်ဖြစ်ကြောင်း၊ အီရတ်တွင် သံတမန်များလုံခြုံရေးအတွက် အစောင့်အရှောက်များ ဆက်လက်ချထားမည်ဖြစ်ကြောင်းနှင့် ဩစတြေးလျစစ်သင်္ဘောများနှင့် လေယာဉ်များကို ပင်လယ်ကွေ့ဒေသတွင် ဆက်၍ထားရှိမည်ဖြစ်ကြောင်း မတ်လက်ဟမ်က ပြောကြားသွားသည်။

ထို့အပြင် နှစ်နှစ်တာကာလအတွင်း လေဘာအစိုးရသည် အကောက်ခွန်အရာရှိများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးဝန်ထမ်းများ အီရတ်တွင် ချထားသွားမည်။ ထိုသို့ ချထားရန်အတွက် အမေရိကန် ဒေါ်လာ ၅၅ သန်းအထိရှိသော ဘတ်ဂျက်ကို ကျခံသုံးစွဲသွားမည်ဟုမတ်လက်ဟမ်ကဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ထိပ်တန်း အရာရှိတစ်ဦး ဘဂ္ဂဒက်မြို့တော်တွင် ပစ်သတ်ခံရ

ဘလွန်ဘတ် ဇူလိုင် ၂၂

အီရတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိတစ်ဦး ဘဂ္ဂဒက်မြို့တော်၌ ယမန်နေ့က ပစ်သတ်ခံရကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို အေအက်ဖ်ပီက ကိုးကားဖော်ပြသည်။

ပစ်သတ်

သေဆုံးသူမှာ ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် အိုက်ဆမ်ဂျက်ဆင်ကက်ဟင်ဖြစ်သည်။ ၎င်းနေထိုင်ရာဒေသတွင် အမည်မသိ သေနတ်သမားများက ဒေသစံတော်ချိန် ည ၁၀နာရီခန့်တွင် ပစ်သတ်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

ဤလုပ်ကြံသတ်ဖြတ်မှုမှာ တနင်္လာနေ့က ဖြစ်ပွားသော ၁၀ဦးသေဆုံးသည့် ရဲစခန်းအပြင်ဘက် ထရပ်ကားဗုံးခွဲမှု ပေါ်ပေါက်သည့် အရပ်တွင်ပင် ဖြစ်ကြောင်းသိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် အဖမ်းခံရပြီးနောက် ပြန်လည်လွတ်မြောက်လာသည့် ဖိလစ်ပိုင်လူမျိုး ဒီလာခရုဇ် အဘူဒါဘီ စစ်ဘက်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၂၁ ရက်က ရောက်ရှိလာရာ အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး အယ်လ်ဟိုင်ဒန်က ကြိုဆိုနှုတ်ဆက်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင် ဓားစာခံကို ပြန်လွှတ်ပေးလိုက်ပြီ

ဘဂ္ဂဒက် (အီရတ်) ဇူလိုင် ၂၂

ဖိလစ်ပိုင်နိုင်ငံက ၎င်းတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ နောက်ဆုံးအဖြစ်ရုပ်သိမ်းခဲ့ပြီးနောက် အီရတ်တွင် ရက်သတ္တနှစ်ပတ်နီးပါး ဓားစာခံအဖြစ် အဖမ်းခံထားခဲ့ရသော ဖိလစ်ပိုင်နိုင်ငံသားဓားစာခံအား အင်္ဂါနေ့က လွှတ်ပေးလိုက်ပြီဖြစ်သည်။ ဖိလစ်ပိုင်အစိုးရက ပြန်ပေးသမားများ၏ တောင်းဆိုချက်အား လိုက်လျောလုပ်ဆောင်ခဲ့မှုကြောင့် အမေရိကန်နှင့်အီရတ် တာဝန်ရှိ ပုဂ္ဂိုလ်များက ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့သည်။

ဓားစာခံဖြစ်သူ ဒီလာခရုဇ်အား အာရပ်စော်ဘွားများနိုင်ငံ သံရုံးလေ့ကားတွင် နံနက် ၁၀ နာရီက လာရောက်ချထားခဲ့ပြီး သံရုံးအတွင်းဝင်ရန် ပြန်ပေးသမားများက ပြောကြားကြောင်းဖြင့် သံရုံးမှတာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက ပြောကြားသည်။ အဆိုပါ သံရုံးမှတာဝန်ရှိပုဂ္ဂိုလ်များက ပြန်ပေးသမားများနှင့်၎င်းတို့အတွင်း ညှိနှိုင်းဆောင်ရွက်မှုမရှိခဲ့ကြောင်း ပြောကြားသည်။ မိမိတို့အနေဖြင့် အီရတ်နိုင်ငံတွင် ဖမ်းဆီးခံထားရသည့်ဓားစာခံခရုဇ်အား ယနေ့နံနက်တွင် တွေ့မြင်ရသောကြောင့် အံ့အားသင့်ရကြောင်း၊ ခရုဇ်အား အီရတ်ရှိ မိမိတို့သံရုံးထံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း အာရပ်စော်ဘွားများနိုင်ငံ သံရုံးမှ အကြီးအကဲရှာမာဝီက ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ မိမိတို့သံရုံးသို့ ရောက်လာပြီး ဘော်ငွေရောင်မာစီဒီးကားဖြင့် ခေါ်သွားကြောင်း ၎င်းအား အဘူဒါဘီတွင် ဆေးစစ်ရန် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ရှာမာဝီက ပြောကြားသည်။

ဖိလစ်ပိုင် ပန်ပန်ဂါပြည်နယ်ရှိ ခရုဇ်၏မိသားစုမှာ ဝမ်းသာအယ်လဲဖြစ်နေကြသည်။ ဖိလစ်ပိုင်သမ္မတ အာရိုယိုက ဒီလာခရုဇ်လွတ်မြောက်ကြောင်းရုပ်မြင်သံကြားအစီအစဉ်က ပြောကြားကာ ခရုဇ်မှာကျန်းကျန်းမာမာရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ဒီလာခရုဇ်ဌာနေပြန်ရောက်နေ၍ မိမိဝမ်းမြောက်ဝမ်းသာရှိပါကြောင်း၊ အကြမ်းဖက်သမားများက တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲသည့်အမှုများ ဆက်လက်ပြုလုပ်နေပါက အပြစ်မဲ့ပြည်သူများအနေဖြင့် ကံကောင်းနိုင်မည်မဟုတ်ကြောင်း သမ္မတအာရိုယိုက သတိပေးပြောကြားခဲ့သည်။ ***အင်တာနက်။***

ဘလဲ၏ လေဘာပါတီ ပြည်သူများ၏ ထောက်ခံမှု ကျဆင်း

ဘလွန်ဘတ် ဇူလိုင် ၂၂

ဗြိတိန် ပါလီမန်အမတ်နှစ်ဦးအတွက် ရွေးကောက်ပွဲကျင်းပရာ၌ လိုက်စက်စတာနှင့် ဘာမင်ဂမ်မှ ဗြိတိသျှမဲဆန္ဒရှင် ပြည်သူများက ဝန်ကြီးချုပ်တိုနီဘလဲ၏ လေဘာပါတီကို ယခင်ကကဲ့သို့ အားမပေးကြကြောင်း တွေ့ရသည်။ အီရတ်စစ်ပွဲဆင်နွှဲစေသည့် ခြိမ်းခြောက်မှုအန္တရာယ်တွက်ချက်ရာ၌ အားနည်းချက်များရှိသည်ဟု ဆိုပြီးနောက် ဝန်ကြီးချုပ်တိုနီဘလဲအတွက် ပထမဆုံး အစမ်းသပ်ခံရမှုဖြစ်သည်။

ဘာမင်ဂမ်မဲဆန္ဒနယ်၌ လေဘာပါတီမှာ အမတ်နေရာရရှိသော်လည်း ၂၀၀၁ ခုနှစ်အထွေထွေရွေးကောက်ပွဲကလောက် ထောက်ခံမဲမရပေ။

လေဘာပါတီသည် လိုက်စက်စတာမဲဆန္ဒနယ်မှ အမတ်နေရာကိုမူ စစ်ဆန့်ကျင်ရေးပါတီ လစ်ဘရယ် ဒီမိုကရက်ကို လက်လွှတ် အရှုံးပေးလိုက်ရသည်။ အီရတ်စစ်ပွဲကို ထောက်ခံသည့် ကွန်ဆာဗေးတစ်ပါတီမှ အဆိုပါ မဲဆန္ဒနယ် နှစ်ခုစလုံးတွင် တတိယနေရာမှ လိုက်သည် ဆို၏။

ဘာမင်ဂမ်မဲဆန္ဒနယ်တွင် လေဘာပါတီအမတ်မှာ ၂၀၀၁ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၆၄ ရာခိုင်နှုန်းဆန္ဒမဲရရှိခဲ့ရာမှ ယခုအခါ ၃၆ ရာခိုင်နှုန်းသာရရှိသည်။ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအမတ်က အထွေထွေရွေးကောက်ပွဲ၌ ရှစ်ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၃၄ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာသည်။

ကွန်ဆာဗေးတစ်အမတ်မှာ အထွေထွေ ရွေးကောက်ပွဲ၌ ၂၀ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၁၇ ရာခိုင်နှုန်းသို့ လျော့သွားသည်။ မဲဆန္ဒပေးသူဦးရေမှာ အထွေထွေ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၈ ရာခိုင်နှုန်း မဲပေးပြီး ယခုအခါ မဲပေးသူ ၃၇ ရာခိုင်နှုန်းသာရှိသည်။

လိုက်စက်စတာ မဲဆန္ဒနယ်တွင် အထွေထွေ ရွေးကောက်ပွဲ၌ ၁၇ ရာခိုင်နှုန်းသာရရှိခဲ့သည်။ လစ်ဘရယ် ဒီမိုကရက်တစ်အမတ်က ၃၅ ရာခိုင်နှုန်း ရရှိကာ ထိပ်မှပြေးနေသည်။ လေဘာပါတီက အထွေထွေ ရွေးကောက်ပွဲ ၅၅ ရာခိုင်နှုန်းရခဲ့ပြီး ယခုအခါ ၂၉ ရာခိုင်နှုန်းသို့ ကျသွားပြီး အမတ်နေရာ လက်လွှတ်ဆုံးရှုံးရသည်။ ကွန်ဆာဗေးတစ်အမတ်မှာ အထွေထွေ ရွေးကောက်ပွဲ၌ ၂၃ ရာခိုင်နှုန်းရပြီး ယခုအခါ ၂၀ ရာခိုင်နှုန်းသို့ လျော့နည်းသွားသည်။

မဲဆန္ဒပေးသည့် လူဦးရေမှာ အထွေထွေ ရွေးကောက်ပွဲ၌ ၅၈ ရာခိုင်နှုန်းလာရောက်မဲပေးကြပြီး ယခုအခါ ၄၂ ရာခိုင်နှုန်းသာ လာရောက်မဲပေးကြသည်။ ***အင်တာနက်။***

အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်

ဇူလိုင် ၁၅ ရက်က မနီလာမြို့ အမေရိကန် သံရုံးရှေ့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်နေသည့် ဖိလစ်ပိုင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်သည် ဦးဆောင်မှုကို နားမလည်သူဖြစ်ကြောင်း အက်ဒွပ်က ဝေဖန်ပြောကြား

ဒက်စ်မွန် (အိုင်အိုဝါ) ဇူလိုင် ၂၂

ဂျွန်အက်ဒွပ်သည် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က မဲဆွယ်တရားဟောပွဲ ကျင်းပရာတွင် အမေရိကန် သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ကို ဝေဖန်တိုက်ခိုက်ပြောကြားခဲ့သည်။ သမ္မတ၏ အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းများနှင့် ပတ်သက်သော မှားယွင်းမှုများကို ထောက်ပြဝေဖန်ခဲ့ခြင်းဖြစ်သည်။ အက်ဒွပ်သည် ဒီမိုကရက်တစ်ပါတီမှ ဒုတိယသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် အရွေးခံထားရသူဖြစ်သည်။

အိုင်အိုဝါတွင် ဂျွန်အက်ဒွပ်သည် မဲဆွယ်တရားဟောခဲ့သည်။ ထိုတရားပွဲတွင် သမ္မတဘုရှ်ကို ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် နှိုင်းယှဉ်၍ ဟောပြောခဲ့သည်။

ထို့အပြင် ဒီမိုကရက်တစ်မှ ရွေးချယ်ထားသော သမ္မတလောင်း ဂျွန်ကယ်ရီနှင့်လည်း ချိန်ထိုး၍ ဟောပြောခဲ့သေးသည်။ ထိုသို့ ဟောပြောရာ၌ သမ္မတဘုရှ်သည် မည်ကဲ့သို့ ဦးဆောင်ရမည်ကို နားလည်ဟန်မရှိသူ ဖြစ်သည်ဟု ထည့်သွင်းပြောကြားသွားသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ခွန်အားရှိသော၊ သတ္တိနှင့် ပြည့်စုံသော၊ ကောင်းမွန်လာအောင် တာဝန်ယူဦးဆောင်နိုင်သော၊ အဆိုးဖြစ်လာလျှင်လည်း သတ္တိရှိရှိ တာဝန်ယူရဲသော ခေါင်းဆောင်မျိုး လိုအပ်နေသည်။ ဂျွန်ကယ်ရီသည် ထိုအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်သည်ဟု မြောက်ကယ်လိုရိုင်းနား အထက်လွှတ်တော်အမတ်က ပြောကြားခဲ့သည်။

ပြီးခဲ့သော သီတင်းပတ်က ဗြိတိန်တွင် အီရတ်ထောက်လှမ်းရေး သတင်းမှားယွင်းမှုနှင့် ပတ်သက်၍ ဝေဖန်သုံးသပ်ထားသော အစီရင်ခံစာပါ အားနည်းချက်၊ မှားယွင်းချက်နှင့် ပတ်သက်၍ မိမိတွင်တာဝန်ရှိကြောင်း ဗြိတိသျှဝန်ကြီးချုပ်က ပြောဆိုသော်လည်း ဘုရှ်မှာမူ အလားတူ တာဝန်ယူမှု မရှိဟု အက်ဒွပ်က ဝေဖန်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် ဘာဆာရာမြို့ အုပ်ချုပ်ရေးမှူးသေဆုံး

ဘာဆာရာမြို့ ဇူလိုင် ၂၂

အီရတ်ကြားဖြတ်အစိုးရအဖွဲ့ ဘာဆာရာမြို့ အုပ်ချုပ်ရေးမှူးဖြစ်သူ အယ်လ်အီ နာချီသည် အလုပ်ဆင်းရန်ထွက်လာစဉ် မည်သူမည်ဝါမှန်းမသိရသော တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း ၎င်း၏ သားဖြစ်သူက ပြောကြားသည်။

မိမိဖခင်သည် နံနက် ၈ နာရီတွင် အိမ်မှထွက်ခွာခဲ့ရာ မည်သူမည်ဝါမှန်း မသိရသည့် လက်နက်ကိုင်များကနေအိမ်မှ မီတာ ၁၀၀ အကွာရှိ စစ်ဆေးရေးဂိတ်တစ်ခုအနီးတွင် ပစ်ခတ်ကြကြောင်း သားဖြစ်သူ အစ်ဆမ်က ပြောကြားသည်။

ကိုယ်ရံတော်တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး လူသတ်သမားများ ထွက်ပြေးကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ ဘာဆာရာမြို့လယ်ရှိ ဂျူဘေလာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တရားသူကြီး အဗ္ဗဒူလက်တစ်က အာလာဝီ ကြားဖြတ်အစိုးရအဖွဲ့ အုပ်ချုပ်ရေးရာဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းပြီးခဲ့သည့်နောက် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အမေရိကန်ဦးဆောင်သည့် အီရတ်နိုင်ငံသိမ်းပိုက်ရေးအဖွဲ့ဝင်များက အာလာဝီအစိုးရအဖွဲ့အား အချုပ်အခြာအာဏာ လွှဲပြောင်းပေးခဲ့ပြီးနောက် အုပ်ချုပ်ရေးအဖွဲ့သစ်အား စဉ်ဆက်မပြတ် တိုက်ခိုက်ခဲ့ရာ အီနာချီလည်း ယင်းကဲ့သို့သော တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရခြင်းဖြစ်သည်။

တနင်္လာနေ့ကလည်း ကာကွယ်ရေးဌာနမှ အထက်တန်းအရာရှိတစ်ဦး ပစ်သတ်ခံခဲ့ရသည်။

အင်တာနက်။

အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ တန်းလျားများအနီး၌ ကားဗုံးပေါက်ကွဲ အစောင့်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက်ရှိ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ တန်းလျားများ အနီးတွင် စနေနေ့က ကားဗုံးပေါက်ကွဲရာ လူနှစ်ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ကားဗုံးပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့တောင်ဘက် ၂၅ မိုင်ခန့်အကွာ မာမူဒီယာမြို့ရှိ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ အဆောက်အအုံအပြင်ဘက်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူနှင့် ဒဏ်ရာရသူများ အနက် အများစုမှာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရက်သတ္တနှစ်ပတ် နီးပါးကြာမျှ အတန်အသင့် တည်ငြိမ်နေခဲ့ပြီးနောက် လွန်ခဲ့သည့်ရက် အနည်းငယ်အတွင်း အီရတ်နိုင်ငံတွင် ကားဗုံးဖောက်ခွဲမှုများနှင့် လုပ်ကြံမှုများ အစီအရီဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇူလိုင် ၁၅ ရက်က လန်ဒန်မြို့တွင် အီရတ်ကျူးကျော်စစ် ဆန့်ကျင်ဆန္ဒပြနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရီမာကို အထက်လွှတ်တော် ကော်မတီ မေးမြန်းဖွယ်

ဝါရှင်တန် ဇူလိုင် ၂၂

အီရတ်ကို အမေရိကန် သိမ်းပိုက်ထားစဉ်ကာလက အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ယူခဲ့သူ ပေါလ်ဘရီမာကို အမေရိကန် အထက်လွှတ်တော်အမတ်များက အီရတ်အကျဉ်းသားများ ညှဉ်းပန်းမှုနှင့် ပတ်သက်၍ ခေါ်ယူစစ်ဆေးဖွယ်ရာ ရှိသည်။

အထက်လွှတ်တော် စုံစမ်းရေးလုပ်ငန်းများကို စက်တင်ဘာလ (သို့မဟုတ်) နိုဝင်ဘာလ အမေရိကန်သမ္မတ ရွေးကောက်ပွဲပြီးချိန် ကာလအထိ ရွှေ့ဆိုင်းထားစရာရှိသည်။

ထိုသို့ အခြေအနေရှိသော်လည်း အီရတ်နှင့် အာဖဂန်ရှိ အကျဉ်းသားများ ညှဉ်းပန်းခံရသည့် ကိစ္စများကိုမူ အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီက ဆက်လက် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ဂျွန်ဝါနာက ပြောကြားသည်။ ၎င်းသည် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ထိထိရောက်ရောက် ဆောင်ရွက်နေ ကြားကားပပျောက်ရေး ည ၁၀နာရီအထိ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၃

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၁၀၈)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် ကော်မတီဝင်များ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၊ စစ်ဆေးအရေးယူရေးဆပ်ကော်မတီနှင့် တက္ကစီအငှားယာဉ်ကြီးကြပ်ရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဓိကဖြစ်

အစည်းအဝေးတွင် သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်အနေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေရာတွင် ဒေသတွင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဆောင်ရွက်ရာတွင် ယာဉ်မောင်းများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုသည် အဓိကဖြစ်ကြောင်း တွေ့ရှိရကြောင်း။

ယခုဆို မိုးရာသီဖြစ်သည့်အတွက် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု မရှိစေရေး သတိပေးနှိုးဆော်ချက်တွေ ထုတ်ပြန်ထားတာ တွေ့ရမှာဖြစ်ကြောင်း၊ လမ်းပေါ်မှာ အမှိုက်မပစ်ဖို့၊ ပလတ်စတစ်ကောက်ဖို့၊ ရေမြောင်းပိတ်ဆို့မှု ရှင်းလင်းခြင်း၊ အမှိုက်စွန့်ပစ်ရာမှာလည်း စနစ်တကျရှိဖို့၊ ကွမ်းတံတွေးမထွေးဖို့ စတာတွေကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာရှိသည့် မြို့နယ် ၃၁ မြို့နယ် ကိုလည်း ဟွန်းသံကင်းမဲ့ဇုန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ်အတွင်း အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်၍ ယခုအချိန်မှ စတင်ပြီး စည်းကမ်းတကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနမှ မော်တော်ဆိုင်ကယ်များ စီးရာတွင် တစ်ဦးသာ စီးရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ် အပြင် ပြင်ပမြို့နယ်များလည်း ပါဝင်ကြောင်း၊ မြို့တော်အတွင်း သွားလာလျက် ရှိသည့် အနေးယာဉ်များကိုလည်း ထိထိရောက်ရောက် အရေးယူနေကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် ထိထိရောက်ရောက် ဆောင်ရွက်နေတာတွေ့ရ ကြောင်း၊ အောင်မြင်မှုများလည်း ရရှိနေကြောင်း။

ယနေ့ဆိုလျှင် အခြေခံပညာကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဘာသာရပ်ပို့ချရန် စာအုပ်ထုတ်ဝေဖို့အဆင့်အထိ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ မကြာမီ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ စတင်သင်ကြားပေးတော့ မှာဖြစ်ကြောင်း။

ရေရှည်မျှော်တွေးပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ငယ်စဉ်က စတင်ပြုပြင်မှ အောင်မြင်မှာဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ကိုလည်း မြှင့်တင်ပေးရာရောက်ကြောင်း၊ မြစ်အတွင်း သွားလာလျက်ရှိသည့် ရေယာဉ်တွေအနေနှင့်လည်း ရေယာဉ်စည်းကမ်းများ လိုက်နာရန်လိုအပ်ကြောင်း၊ မြစ်အတွင်း အမှိုက်သရိုက်နှင့် ဒိုက်ဖတ်များ မရှိရေးကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ မီးရထားအနေဖြင့်လည်း မြို့တော်၏ အင်္ဂါရပ်နှင့်အညီ ရထားပေါ်မှ အမှိုက်မပစ်ရန်၊ တွဲကြိုတွဲကြား မစီးရန်၊ ရထားလမ်းပေါ်မှာ လမ်းလျှောက်ခြင်း၊ အဝတ်လှမ်းခြင်း၊ မြို့ပတ်ရထားလမ်းတစ်လျှောက် အမြင်မတင့်တယ်သော အဆောက်အအုံများ ဖျက်သိမ်းရန် ဆောင်ရွက်နေကြောင်း။

သတ်မှတ်နှုန်းထား

ကြားကားများ ပပျောက်ရေးအတွက် ခရီးသည်များပြားသည် နေရာများတွင် ည ၁၀ နာရီအထိ သတ်မှတ်နှုန်းထားနှင့် ယာဉ်လိုင်းများက စောင့်ကြပ်ပြေးဆွဲ ပေးလျက်ရှိကြောင်း၊ နိဂုံးချုပ်အနေဖြင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဆောင်ရွက်နေသည့် ပညာပေးသည့်လုပ်ငန်းများ၊ စစ်ဆေး အရေးယူသည့်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGOအဖွဲ့အစည်းတွေကလည်း ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ၂၀၀၄ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လ ၂၀ရက် အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

အကြံပြုဆွေးနွေးတင်ပြ

ယင်းနောက် ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၊ စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ တက္ကစီအငှားယာဉ် ကြီးကြပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြ ကြသည်။

ထို့နောက် သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၀၈) ကြိမ်မြောက် အစည်းအဝေးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အဖွင့်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရထားစက်ခေါင်း၊ တွဲနှင့် စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယနေ့ နံနက် ၈ နာရီတွင် စက်ခေါင်းစက်ရုံ အင်းစိန်၌ ဆဋ္ဌမအကြိမ်မြောက် ကျင်းပသော စက်ခေါင်း၊ တွဲ၊ စက်ကိရိယာများမှ အရန်ပစ္စည်းများ၊ မြန်မာ့မီးရထားသုံး ပစ္စည်းများကို စက်မှုဇုန်များနှင့် အခြားလုပ်ငန်းရှင်များက ထုတ်လုပ်ပေးသွင်းနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေး မှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အခြား ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် အခြား ဖိတ်ကြားထားသော ပညာရှင် များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက် ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာ စကား ပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လူစီးတွဲ ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ စက်ခေါင်းစက်ရုံ(ရွာထောင်) နှင့် စက်ခေါင်းစက်ရုံ (အင်းစိန်)သို့ ရောက်ရှိစဉ် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ လွန်ခဲ့သော တစ်နှစ်တာ ကာလအတွင်း ရထားသုံးပစ္စည်း အမယ်ပေါင်း ၁၆၁ မျိုး၊ တန်ဖိုးငွေကျပ် ၆၃၉ သန်းကို လုပ်ငန်းရှင်များထံ အပ်နှံ ထုတ်လုပ်စေခဲ့ကြောင်း၊ လွန်ခဲ့သောနှစ် က အမယ်သစ် ၆၈မျိုး တီထွင် ထုတ်လုပ်နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ တစ်သန်းခန့် သက်သာစေခဲ့ကြောင်း။

အကျိုးရှိ

ယနေ့တွင် လုပ်ငန်းရှင်များအား အပ်နှံလိုသည့် ရထားသုံးပစ္စည်း ၈၃၅ မျိုးကို ပြသထားပြီး ဇူလိုင် ၃၀ ရက် အထိ ခုနစ်ရက်ကြာ ပြသထားမည်ဖြစ် ကြောင်း၊ ယနေ့ ဆွေးနွေးပွဲသည် လုပ်ငန်းရှင်များအတွက် ဈေးကွက်နှင့် လုပ်ငန်းရရှိလာသကဲ့သို့ မြန်မာ့ မီးရထားအတွက်လည်း လိုအပ်သော ပစ္စည်းများကို ရရှိမည်ဖြစ်၍ နှစ်ဦး နှစ်ဖက် အကျိုးရှိကြောင်း။

ထို့အပြင် မြန်မာ့မီးရထား စက်ရုံ များနှင့်စက်မှုဇုန်များအကြား ဗဟုသုတ၊ အတွေ့အကြုံနှင့် နည်းပညာများ အပြန် အလှန်ဖလှယ်နိုင်ရန် ဆက်စပ်ပေးခြင်း ကြောင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အထောက်အကူပြုသကဲ့ သို့ မြန်မာ့မီးရထားစက်ရုံများ၏ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုပါ များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသွား သည်။

ဆက်လက်၍ အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) ဦးစိုးဝင်းက စက်မှု ပိုင်းဆိုင်ရာ အရန်ပစ္စည်းများကိုလည်း ကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ (လျှပ်စစ်) ဦးဇော်ဝင်းက လျှပ်စစ်အရန် ပစ္စည်းများအတွက်လည်းကောင်း၊ဒုတိယ အထွေထွေမန်နေဂျာ (ဆက်သွယ်ရေး) ဦးဇော်ဝင်းက ဆက်သွယ်ရေးနှင့် အချက်ပြ အရန်ပစ္စည်းများအတွက် လည်းကောင်း ပြစက်များဖြင့် ရှင်းလင်း ဆွေးနွေးကြပြီး လုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက ပညာရှင်၊ လုပ်ငန်းရှင် များနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်း၍ ပစ္စည်းများထုတ်လုပ်ရာတွင် အကူအညီ ပေးမည့် ကိစ္စများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်ပညာရှင်များ၊ လုပ်ငန်းရှင်များသည် စက်ရုံအတွင်း ခင်းကျင်းပြသထားသော စက်ခေါင်း၊ တွဲ၊ စက်ကိရိယာ အရန်ပစ္စည်းများ အပါအဝင် မြန်မာ့မီးရထားသုံးပစ္စည်း များကို လိုက်လံကြည့်ရှုကြသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယ ဝန်ကြီး သူရဦးသောင်းလွင် မြန်မာ့ မီးရထားမှ တာဝန်ရှိသူများနှင့်အတူ မြန်မာ့မီးရထားမှ လိုအပ်သည့် စက်ခေါင်းတွဲဆိုင်ရာ စက်အရန် ပစ္စည်းများ ထုတ်လုပ်ပေးသွင်းရန် စက်မှုဇုန်များနှင့် အခြားလုပ်ငန်းရှင် များအား ခင်းကျင်းပြသမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၆ခုနှစ် ဒုတိယ ဝါဆိုလပြည့်၊ ဇူလိုင် ၃၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် သတ္တမအကြိမ် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်၍ ရဟန်းရှင်လူပြည်သူများ လာရောက်လှူဒါန်း ပူဇော်ကြည်ညိုနိုင်ကြသည်။

(သတင်းစဉ်)

နှုတ်ဆက်

ဇူလိုင် ၂၃ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် UN Resident Coordinator and UNDP Representative Mr. Charles James Petrie အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မယာသီရိမိုမာန်ခန်းမ၌ နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

သဒ္ဓမ္မပါလ နေ့ဖြူတိုက်သစ်ကျောင်း ဝိပဿနာတရားစခန်းနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၃

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် ဗင်ယော်လမ်း သဒ္ဓမ္မပါလ နေ့ဖြူတိုက်သစ်ကျောင်း၌ (၁၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၂၅ရက်မှ ၃၁ရက် (ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့) အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ မှူးအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသာသန (သာသနဓဇ မဟာ ဓမ္မာစရိယ)က မဟာ နုပဿနာ သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသ မည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူ ယောဂီများ ဇူလိုင် ၂၄ရက် ညနေ ၆နာရီ အရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်းနှင့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပင့်သံဃာတော်များနှင့် ကျောင်းတိုက်အတွင်းရှိ ဝါဆိုဝါကပ်မည့် သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပူဇော်မည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း Myanmar ASEAN Women's Friendship Association. (MAWFA) ၏ တတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ ရှင်ဒီသာပါမောက်ဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယက အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်စံယုံ၊ ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဇနီး ဒေါ်လှဲ့လှဲ့ကြည်၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိကြီးများ၏ ဇနီးများနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ သံရုံးများမှ အမျိုးသမီးသံအမတ်ကြီး၊ သံအမတ်ကြီးများ၏ဇနီးများ၊ သံတမန်အဖွဲ့ဝင်များ၏ ဇနီးများနှင့် အသင်း၏ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်နန်းမြင့်က ၂၀၀၃-၂၀၀၄ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးဖြူက ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်း အတည်ပြုကြသည်။ ဆက်လက်၍ ၂၀၀၄ ခုနှစ်အတွက် အမှုဆောင်အသစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်စံယုံက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစောလှမင်း၊ ဇနီး ဒေါ်ခင်ဆွေယုနှင့် သံရုံးဝန်ထမ်းများက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၀၀ကို နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်စံယုံက လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအသင်းက လှူဒါန်းသော ငွေကျပ် နှစ်သိန်းကို ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဇနီး ဒေါ်လှဲ့လှဲ့ကြည်က လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Phoebe A. Gomez က အမေရိကန်ဒေါ်လာ ၂၀၀ကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ အာဆီယံ အမျိုးသမီးများအသင်း (Women of ASEAN in Yangon) ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး၏ဇနီး Mme. Datin May Cheah က အမေရိကန်ဒေါ်လာ ၁၀၀ကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံရုံးကိုယ်စား သံအမတ်ကြီး၏ ဇနီး Mme. Poh Choo de Cruz က ငွေကျပ် တစ်သိန်းကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် အသင်းအလုပ်အမှုဆောင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယက အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် "အာဆီယံသီချင်း"ကို သီဆိုကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေး အသင်းနာယကအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသည့် အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်စံယုံ လက်ခံယူစဉ်။ (သတင်းစဉ်)

စူပါသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၃

ရုပ်ရှင်အနုပညာ ချစ်သူများအကြား လှုပ်ရှားဂယက်ရိုက်ခတ်နေသော လူမင်းနှင့် ခင်စပယ်ဦးတို့၏ လက်ထပ်မင်္ဂလာလက်မှတ်ထိုးပွဲ သတင်းနောက်ဆက်တွဲ အဖြစ် ခင်စပယ်ဦးပြောတဲ့ လူမင်းအကြောင်း၊ အကယ်ဒမီလွင်မိုးရဲ့ ဒီဗီဒီ ပေါ်သဘောထား၊ ဖြစ်ချင်တာထက် ကျော်ပြီး မှန်းထားတဲ့ ပုလဲဝင်း၊ ကျားခင်စိန် မြေး ရုပ်ရှင်ရိုက်မယ်ဆိုလို့၊ စူပါမော်ဒယ် နမ ဘယ်လိုတွဲမလဲ၊ ကျော်ရဲအောင်နဲ့ ခိုင်သင်းကြည်တို့ စရိုက်မယ့် "ဆု" ဗီဒီယိုထုတ်လုပ်ရေး၊ မျိုးကျော့မြိုင်ရဲ့ သူ့ဘဝသူ့အတွေးသူ့အနုပညာ၊ Wantedရဲ့ ရောင်ခြည်သီချင်းများနှင့် မျိုးကိုမျိုး၏ "ယော်---လူ---လူ" ဟာသဝတ္ထု အပါအဝင် ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် သင်းသင်းယုလှိုင်၏ စတိုင်လ်အလှ ရောင်စုံဓာတ်ပုံတို့ဖြင့် "စူပါ"သတင်းဂျာနယ် အမှတ်(၂၃)ကို ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

မြန်မာပြည် အနောက်မြောက်၌ ထွန်းတောက်လာသော ပန်ဆောင်မြို့

ယခင်က တိုက်နယ်အုပ်စု ကျေးရွာကြီးမျှသာဖြစ်သော ပန်ဆောင်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြို့အဆင့်သို့ ၁၅-၁၀-၂၀၀၂ ရက်နေ့မှ စတင်တိုးမြှင့်ဖွဲ့စည်းပေးခဲ့သည်။ ယခင် အလယ်တန်းကျောင်းသာရှိရာမှ ယခု အထက်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၈ ကျောင်း ရှိလာပေပြီ။ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ခြောက်ခုရှိနေပေပြီ။ ကျန်းမာရေး ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ပန်ဆောင်မြို့နယ် အထက်တန်းကျောင်းနှင့် ဆရာ၊ ဆရာမများကို တွေ့ရစဉ်။

ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

ယခင်က ပန်ဆောင်ဒေသသည် လူနေကျဲသည်၊ စိုက်ပျိုးမြေ နည်းပါးသည်၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သည်။ ယနေ့ နိုင်ငံတော်၏ ဆောင်ရွက် စီမံပေးမှုကြောင့် ဖွံ့ဖြိုးရေး ရလဒ်များ ဝေဝေစည်စည် ဖြစ်လာနေသည်။

နိုင်ငံတော်၏ ဆောင်ရွက်စီမံပေးမှုကြောင့် ဖွံ့ဖြိုးမှု အရှိန်အဟုန်ရလာသည့် ပန်ဆောင်တွင် တည်ဆောက်ထားသည့် မြန်မာ့ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။

ပန်ဆောင်မြို့အနီးရှိ တစ်စတုရန်းမိုင်ခန့် ကျယ်ဝန်းသော နောင်ယန်းအင်းကို တောင်ပြာတန်းများအလယ်၌ ဤသို့လှပစွာတွေ့ရသည်။

ပန်ဆောင်ရွာကြီး မြို့အဆင့်သို့ တင့်တယ်စွာ တက်လှမ်းနိုင်ခဲ့ပြီ

တက္ကသိုလ်မြတ်သူ

စစ်ကိုင်းတိုင်း၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်မှ ပန်ဆောင်ဒေသသည် ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှစ၍ ပန်ဆောင်မြို့အဆင့်သို့ လှမ်းတက်နိုင်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်မြောက်ဒေသတွင် ထွန်းတောက်လာသော ကြယ်တစ်ပွင့်ပင်ဖြစ်သည်။

ပန်ဆောင်မြို့သည် ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံ လီဒိုမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အထိ ဖောက်လုပ်ခဲ့သည့် လမ်းပေါ်တွင်တည်ရှိသည်။ ထိုလမ်းသည် လီဒိုလမ်းမကြီးဟု လူသိများသော အိန္ဒိယ၊ မြန်မာ၊ တရုတ် သုံးနိုင်ငံဆက်လမ်းမကြီး ဖြစ်သည်။ ပန်ဆောင်သည် ဟူးကောင်းတောင်ကြား ခေါ် Pangsau Pass (ပန်စော တောင်ကြားလမ်း) အနီးတွင်တည်ရှိသည်။ ကျွန်တော်တို့ငယ်စဉ် တတိယတန်း ပထဝီဝင်ဘာသာရပ်၌ မြန်မာနိုင်ငံ အနောက်ဘက်တွင် တောင်ကြားလမ်းလေးခု (ဟူးကောင်းတောင်ကြားလမ်း၊ မဏိပူရတောင်ကြားလမ်း၊ အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်း)၊ အရှေ့ဘက်၌ တောင်ကြားလမ်းလေးခု (တာပိန်မြစ်ကြောင်းလမ်း၊ ရွှေလီမြစ်ကြောင်းလမ်း၊ ကွမ်းလုံ-ကူးတို့ဆိပ်လမ်း၊ ကော့ကရိတ် တောင်ကြားလမ်း) ဟူ၍သင်ခဲ့ရသည်။ ဆရာများက မှတ်မိလွယ်အောင် **ဟူးကောင်းတောင်ကြား၊ မဏိခြား၊ အမ်းကြား၊ တောင်ကုတ်ထိပ်၊ တာပိန်၊ ရွှေလီ၊ ကွမ်းလုံစီ၊ မှတ်ပြီကော့ကရိတ်** ဟု ကဗျာစပ်သင်ခဲ့ဖြင့် ယနေ့တိုင်မှတ်မိနေဆဲ ဖြစ်သည်။

လီဒိုလမ်းမကြီးသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်း ဒေသတို့မှ မြို့ရွာများစွာကို ဖြတ်သန်းသွားခဲ့သည်။ တနိုင်း၊ ကာမိုင်း စသည့်မြို့များသည် လီဒိုလမ်းမကြီးပေါ်တွင်ရှိနေကြသည်။ ဟူးကောင်းဒေသတစ်ဝိုက်သည် တောင်ကြားလွင်ပြင်ဖြစ်ပြီး မြစ်ချောင်းများပေါများလှသည်။ နေရာအများစုမှာ စိမ့်မြေကြီးဖြစ်သည်။ မြစ်များ၊ ချောင်းများသည် မိုးတွင်းအခါ တောင်ကျရေတစ်ဟုန်ထိုး စီးဆင်းကြ၏။ ထို့ကြောင့်လည်း မြစ်ကြောင်းများ မကြာခဏပြောင်းတတ်သည်။

ဟူးကောင်းတောင်ကြားအနီးတွင် တည်ရှိသည့် ပန်ဆောင်မြို့သည် နန်းယွန်းမြို့နယ်တွင်ပါဝင်သည်။ ပန်ဆောင်ဒေသသည် ၂၅၇၂၆၂ ဒသမ ၁၀ ဧက ကျယ်ဝန်းသည်။ မြောက်လတ္တီတွဒ် ၂၇ ဒီဂရီနှင့် ၂၈ ဒီဂရီအကြား၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီနှင့် ၉၇ ဒီဂရီအကြား တည်ရှိသည်။ ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၃၅၂၀ တွင် တည်ရှိသည်။

ပန်ဆောင်မြို့သည် ပတ်ကွိုင်တောင်ကြောပေါ်တွင် တည်ရှိသည်။ အနောက်တောင်ဘက်တွင် အိန္ဒိယနိုင်ငံ - အရုနာချယ် ပရာဒေ့ရှ်ပြည်နယ်၊ ချန်လန်းခရိုင်၊ နန်ပေါင်မြို့တို့နှင့်ထိစပ်နေသည်။ အရှေ့ဘက်တွင် နန်းယွန်းမြို့နယ်၊ မြောက်ဘက်တွင် ပူတာအိုမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။

ပန်ဆောင်မြို့၏ ရာသီဥတုမှာ မြောက်သမပိုင်းဇုန်အတွင်းကျရောက်ကာ တစ်နှစ်ပတ်လုံး မိုးရွာလေ့ရှိသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၁၂၀ မှ လက်မ ၁၅၀ အထိရှိသည်။ အနိမ့်ဆုံးအပူချိန် ၈ ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံးအပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်အထိရှိသည်။

ပန်ဆောင်မြို့သည် ပန်နန်းဒင်မြို့ထက် လူဦးရေများပြားသည်။ ၁၀၀၈၉ ဦးနေထိုင်လျက်ရှိသည်။ လူဦးရေအားလုံး၏ ၉၅ ရာခိုင်နှုန်းမှာ နာဂတိုင်းရင်းသားများဖြစ်သည်။ ဗမာ၊ ကချင်၊ လီဆူးတိုင်းရင်းသားများလည်းရှိသည်။ ကိုးကွယ်မှုတွင် ခရစ်ယာန်ကများသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ အသင့်အတင့်နှင့် ရိုးရာနတ်ကိုးကွယ်သူများလည်းရှိသည်။ လယ်လုပ်ငန်း၊ တောင်ယာလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။

ပတ်ကွိုင်တောင်ကြောပေါ်မှ ပန်ဆောင်မြို့သည်လည်း ပတ်ဝန်းကျင် တိမ်နှင့်တောင်ခိုး ရေပယက်မိုးရာဒေသ၊ တောင်တန်းပြာမှိုင်းမှိုင်းတို့ ကာဆိုင်းထားသောမြို့၊ ဥတုအလိုက် အချိန်အခါအလိုက် အရောင်ပြောင်း အလှဆင်သော တိမ်မိုလ္လာတို့၏အလှဖြင့် တန်ဆာဆင်ထားသောမြို့၊ စုံခြေမြိုင်ဆင့်၊ ဂရိုင် တင့်သောတောအလှတို့၊ ရုံးရှိသောမြို့၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၏ အလှအပများဖြင့် တင့်ချင်တိုင်းတင့်နေသော မြို့ဖြစ်သည်။ နောင်ယန်းအင်းသည် တောင်ပြာတန်းကို နောက်ခံပြုပြီး ပန်ဆောင်မြို့ကို မြစိမ်းဘသာကြင်ခြိမ်းနဲ့မေမာ အလှဆင်ပေးလျက်ရှိသည်။

ပန်ဆောင်မြို့တွင် အထက်ရပ်ကွက်၊ အလယ်ရပ်ကွက်၊ အောက်ရပ်ကွက် ဟူ၍ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ကိုးအုပ်စုနှင့် ကျေးရွာ ၁၈ ရွာရှိသည်။ ထဟောကျေးရွာအုပ်စုတွင် ထဟော ၁၊ ထဟော ၂ ဟူ၍ ကျေးရွာ နှစ်ရွာ၊ ဟူလောင်းကျေးရွာအုပ်စုတွင် ဟူလောင်း၊ ယောကွန်၊ နာလင်း၊ ထဟော ၃ ဟူ၍ ကျေးရွာလေးရွာ၊ လုံလောင်းကျေးရွာအုပ်စုတွင် ပါပုံ၊ ဝမ်ထမ်းနှင့် နာယန်းဟူ၍ ကျေးရွာသုံးရွာ၊ တကိုင်း ကျေးရွာအုပ်စုတွင် တကိုင်းရွာ၊ နောင်ဆိုင်တကုန်းကျေးရွာအုပ်စုတွင် နောင်ဆိုင်တကုန်းရွာ၊ နမ္မလက်ကျေးရွာအုပ်စုတွင် နမ္မလက်ရွာ၊ နောင်ကုလုကျေးရွာအုပ်စုတွင် နောင်ကုလုရွာ၊ နောင်ယန်းကျေးရွာအုပ်စုတွင် နောင်ယန်း၊ ခမ္မတိုင်၊ လောက်လိုင်ရွာတို့ အသီးသီးပါဝင်ကြသည်။

ပန်ဆောင်မြို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၇၀၂၁ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ၂၀ ဦး၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ၂၃ ဦးရှိနေပြီဖြစ်သည်။

ယခင်က ပန်ဆောင်ဒေသသည် လူနေကျဲသည်။ စိုက်ပျိုးမြေ နည်းပါးသည်။ လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သည်။ ယနေ့နိုင်ငံတော်၏ ဆောင်ရွက်စီမံပေးမှုကြောင့် ဖွံ့ဖြိုးရေးရလဒ်များ ဝေဝေဆာဆာဖြစ်လာသည်။ မြို့နယ်အတွင်း ရေစီးသန်သော ချောင်းများရှိနေသဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် အဆင်ပြေသည်။

မြို့ပတ်ဝန်းကျင် အကျယ်အဝန်းမှာ မြေဧက ၂၅၇၂၆၂ ဒသမ ၁၀ ဧက ဖြစ်ပြီး အသားတင်စိုက်ပျိုးမြေ ဧကမှာ ၅၇၆၇ ဧကဖြစ်သည်။ လယ်စပါးဧက ၂၇၁၀၊ တောင်ယာစပါးဧက ၂၇၀၊ ယာမြေ ၂၆၇၅ ဧက၊ ဥယျာဉ်မြေ ၁၁၂ ဧက စိုက်ပျိုးလျက်ရှိသည်။ သစ်တောဧရိယာ(ကြိုးဝိုင်း)၁၄၉၁၄၇ ဧကရှိသည်။ မြေလွတ် မြေရိုင်း ၂၂၂၉ ဧက၊ အခြားမြေ ၁၀၀၁၂၇ ဧကရှိသည်။



ယနေ့နိုင်ငံတော်၏ ဆောင်ရွက်စီမံပေးမှုကြောင့် ဖွံ့ဖြိုးရေးရလဒ်များ ဝေဝေဆာဆာ ဖြစ်လာသည်။ မြို့နယ်အတွင်း ရေစီးသန်သော ချောင်းများရှိနေသဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် အဆင်ပြေသည်။

မြို့ပတ်ဝန်းကျင် အကျယ်အဝန်းမှာ မြေဧက ၂၅၇၂၆၂ ဒသမ ၁၀ ဧကဖြစ်ပြီး အသားတင်စိုက်ပျိုးမြေ ဧကမှာ ၅၇၆၇ ဧကဖြစ်သည်။ လယ်စပါးဧက ၂၇၁၀၊ တောင်ယာစပါးဧက ၂၇၀၊ ယာမြေ ၂၆၇၅ ဧက၊ ဥယျာဉ်မြေ ၁၁၂ ဧက စိုက်ပျိုးလျက်ရှိသည်။ သစ်တောဧရိယာ(ကြိုးဝိုင်း) ၁၄၉၁၄၇ ဧကရှိသည်။ မြေလွတ် မြေရိုင်း ၂၂၂၉ ဧက၊ အခြားမြေ ၁၀၀၁၂၇ ဧကရှိသည်။

ပန်ဆောင်သည် မြစ်ကြီးနားနှင့် ၂၂၈ မိုင် ကွာဝေးသည်။ ပန်ဆောင် ဒေသ၌ ၂-၆-၉၉ ရက်နေ့မှစပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်နိုင်သော နယ်စပ်ဈေးတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။

ယခင်က တိုက်နယ်အုပ်စု ကျေးရွာကြီးမျှသာဖြစ်သော ပန်ဆောင်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြို့အဆင့်သို့ ၁၅-၁၀-၂၀၀၂ ရက်နေ့မှ စတင်တိုးမြှင့်ဖွဲ့စည်းပေးခဲ့သည်။ ယခင်အလယ်တန်း ကျောင်းသာရှိရာမှ ယခု အထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၈ ကျောင်းရှိလာပေပြီ။ (၁၆) ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနသုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခု ရှိနေပေပြီ။ ကျန်းမာရေး ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပန်ဆောင်မှ နန်းယွန်းအထိ ၃၂ မိုင်ရှိသည်။ သံပေါင်တံတားတစ်စင်း၊ ဘေလီတံတားတစ်စင်း၊ ကြိုးတံတားသုံးစင်းနှင့် ဒေသလုပ်တံတား ၂၀ ရှိသည်။ နန်းယွန်းမှ ရှင်ဗွေယန်ကျေးရွာအထိ ၃၂ မိုင်ရှိပြီး တစ်လျှောက်ထပ် သံပေါင် ဘေလီတံတားသုံးစင်း၊ ဒေသလုပ် တံတား ၄၈ စင်း၊ ကြိုးတံတားနှစ်စင်း ရှိသည်။ ရှင်ဗွေယန်နှင့် တနိုင်းမြို့ ၄၄ မိုင်ဝေးသည်။ တနိုင်းနှင့် မြစ်ကြီးနား မိုင် ၁၂၀ ကွာဝေးသည်။

ပန်ဆောင်မြို့တွင် ဆက်သွယ်ရေးစက်တစ်လုံး၊ လိုင်း ၂၀ ပါ တယ်လီဖုန်း စက်ခလုတ်ခုံ တစ်ခု တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း အစီအစဉ်ဖြင့် ၃၀ ကေဗွီအေ မီးစက်တစ်လုံးဖြင့် မီးပေးလျက်ရှိသည်။

သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ အထက်တန်းကျောင်း စာသင်ဆောင်တစ်ခု ဆောက်လုပ်ပြီးစီးကာ e-Educationနှင့် စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးဖြစ်သည်။ အလျား ၇၂ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၀ ပေရှိ ဆေးရုံတစ်ရုံကို ဆောက်လုပ်လျက်ရှိသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၊ ဝန်ထမ်းနေအိမ်တို့ ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ပန်ဆောင်ဌေတိုက်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးနေသည်။ ရဲတပ်ဖွဲ့စခန်းရုံး လူ ၃၀ ဆံ့ အိပ်ဆောင်၊ ခြောက်ခန်းတွဲအိမ်ရာတို့ ဆောက်လုပ်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ဆောက်လုပ်ပြီးစီးသဖြင့် ၁-၆-၂၀၀၄ ရက်နေ့မှစပြီး မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပြသလျက်ရှိသည်။ ရုပ်/သံ ဝန်ထမ်းအိမ်ရာ၊ ကြေးတိုင်နှင့် မြေစာရင်းရုံး၊ စိုက်ပျိုးရေးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှု ကြီးကြပ်ရေးအဖွဲ့ခွဲရုံး၊ ဆရာ၊ ဆရာမ အိပ်ဆောင် စသည်တို့ကို တည်ဆောက်ပေးလျက် ရှိသည်။

ဥက္ကာတော်၁၂ တောင်မြင့်သည့် စေတီတော်ကို နိုင်ငံတော်၏လှူဒါန်းငွေ ကျပ် ၁၈ သိန်းဖြင့် တည်ထားခဲ့ကာ ၁၇-၃-၂၀၀၄ ရက်နေ့က ထီးတော်တင်လှူပြီး ဖြစ်သည်။ ယခုအခါ ပန်ဆောင်မြို့သည် နိုင်ငံတော်၏ စေတနာ၊ ဒေသခံ တိုင်းရင်းသားများ၏ ပူးပေါင်းကြိုးပမ်းမှု၊ ဌာနဆိုင်ရာတို့၏ လုံ့လဝီရိယတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❐ အမျိုးသားညီလာခံမှ

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်ယခုအစည်းအဝေးတွင် ၂၀၀၄ခုနှစ် မေ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပခဲ့သည့်အမျိုးသားညီလာခံ၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးရန်ဖြစ်ကြောင်း၊ ထို့ပြင် ညီလာခံရပ်နားထားချိန် ကာလအတွင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အနေဖြင့်လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ အနေဖြင့်လည်းကောင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့် ပတ်သက်၍လည်းဆောင်ရွက်ဖွယ်ရာများကို တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညီလာခံရပ်နားစဉ်အတွင်း လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် အမျိုးသားညီလာခံသဘာပတိအဖွဲ့က ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားရန်ရှိသည့် လုပ်ငန်းများ စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရာ၌အုပ်ချုပ်မှုကိစ္စအဝဝ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ငွေကြေးသုံးစွဲမှု အခြေအနေနှင့် ညီလာခံကိုယ်စားလှယ်များ ဆေးဝါးကုသမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြု ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ်အတွဲ(၃)၊ အမှတ်(၇) ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ်အတွဲ(၃)၊ အမှတ်(၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်၊ ချစ်နိုင်(စိတ်ပညာ)၏ အနှစ်သာရနှင့်ပေါ်ပင်၊ စန်းနီလာဝင်း၏ လုပ်ငန်းဘာကြောင့်အောင်မြင်၊ ကြည်လင်း(ဆေး)၏ ဝသုများသိရဲ့လား၊ လေလှိုင်း၏ အာဆီယံ၏စွမ်းအင်ညီလာခံ၊ ချောင်းဆုံအုန်းသွင်၊ မင်းရဲကျော်၊ မောင်မောင်စိုးသက်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့၏ မှတ်ဖွယ်ဆောင်းပါးများ၊ ကြည်တင့်နိုင်၏ ရွှေပြည်သစ်ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသ ဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော်ပြပါရှိသည်။ (က-ပ)

ပညာရေးသုတေသနအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့နှင့် စံပြမူကြိုကျောင်းတို့၏ (၂၄) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဂန္ထကုဋိခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် ဩဝါဒစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ငြိမ့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်နှင့် အလှူရှင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်မှစာချနာယကဆရာတော် ဘဒ္ဒန္တပညာဇောတက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အနုမောဒနာတရား ချီးမြှင့်သည်။

ထို့နောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နည်းပြသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နည်းပြသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း သင်တန်းခန်းမဆောင်၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌သင်တန်းသားနည်းပြများအနေဖြင့် အရည်အချင်း၊ အရည်အသွေးပြည့်ဝသော နည်းပြကောင်းများဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ မိမိတို့ ပြည်နယ်/တိုင်းများသို့ ပြန်လည်ရောက်ရှိပြီးသက်ဆိုင်ရာခရိုင်အသီးသီး၌ သင်တန်းများဖွင့်လှစ်သည့်အခါတွင်လည်း သင်တန်းသားကို မဏ္ဍိုင်ပြုသင်ကြားသည့် နည်းစနစ်နှင့်ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်ပြည့်စုံစုံဖြင့် သင်ကြားပို့ချသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း စဉ်ဆက်မပြတ် လေ့ကျင့်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Life Long Learning Society) အဖြစ်တိုးမြှင့်ပုံဖော်နေပြီဖြစ်ရာ မိမိတို့ အုပ်ချုပ်ရေးဝန်ထမ်းများ အရည်အသွေး ပြည့်ဝပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ပြုစုပျိုးထောင်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် မိမိတို့ အုပ်ချုပ်ရေး ဝန်ထမ်းများသည် ပြည်သူလူထုနှင့်ပူးပေါင်းပြီး တက်တက်ကြွကြွ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားနည်းပြများအနေဖြင့် မိမိတို့ အုပ်ချုပ်ရေးဝန်ထမ်းများအား နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေသော၊ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသော၊ ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သင်တန်းသား ပထမဆုရရှိသူ ကာလအမှတ်(၂၄) ဦးခင်မောင်အားလည်းကောင်း၊ ဒုတိယဆုရရှိသူ ကာလအမှတ်(၃၄) ဦးခင်မောင်ကြည်အား လည်းကောင်း၊ သင်တန်းသူပထမဆုရရှိသူ ကာလအမှတ်(၂) ဒေါ်ခင်မေမြင့်အား လည်းကောင်း၊ ဒုတိယဆုရရှိသူ ကာလအမှတ်(၁၀) ဒေါ်ငွေငွေခိုင်အားလည်းကောင်းဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်က ဆုများချီးမြှင့်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နည်းပြသင်တန်း အမှတ်စဉ်(၃)ကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားအရာရှိ ၆၉ဦး တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇူလိုင် ၂၃

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၅ရက် နံနက် ၁၀နာရီတွင် ဓနုဖြူမြို့နယ်အသင်းတည်ရှိရာ အမှတ်(၄၆၈/အေစီ/၃) အောက်ကြည့်မြင်တိုင်လမ်းကြည့်မြင်တိုင်မြို့နယ်၌ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါကဒုတိယဥက္ကဋ္ဌဦးလှမြင့်(ရွှေဟင်္သာ)နှင့် အမှုဆောင် ဦးကျော်ကျော် ဖုန်း-၂၅၂၇၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျောက်တံတားမြို့နယ်အတွင်း ရေပိုက်များလဲလှယ်

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် ကျောက်တံတားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောက်တံတားမြို့ အမှတ်(၂)ရပ်ကွက် သောက်သုံးရေပိုမိုရရှိစေရန်နှင့် သန့်ရှင်းမှုရှိစေရန် ၃၄လမ်း(အထက်)တွင် ပင်မရေပိုက်လိုင်း လဲလှယ်ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ထိုသို့ စစ်ဆေးကြည့်ရှုရာတွင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့အား နှစ်ပေါင်းတစ်ရာကျော်ရှိ သံကြွပ်ပိုက်များအစား ဆေးကြောသန့်စင်ပြီး ပိုက်များအတွင်း၌ သံချေးမတက်ရန် ဘိလပ်မြေကိုင်ထားသည့် သံကြွပ်ပိုက်များနှင့် လဲလှယ်ဆောင်ရွက်နေပုံများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က တင်ပြချက်များနှင့် စပ်လျဉ်း၍ ရေပြုန်းတီးမှုမရှိစေရေး၊ ပြည်သူများရေသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် စည်းရုံးဆောင်ရွက်ရန်များကို မှာကြားခဲ့သည်။ (၁၉)



ကျောက်တန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၃

ကျောက်တန်းမြို့နယ် အသင်း၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ ဩဂုတ် ၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ကျောက်တန်း မြို့နယ်သူ/သားများ တက်ရောက်လှူဒါန်းပူဇော်ကြရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပူဇော်လိုသည့် ပုဂ္ဂိုလ်များ နာယကကြီးရဲမှူးကြီး(ငြိမ်း) ဦးစိန်ထွန်းအောင် ဖုန်း- ၅၄၅၇၀၃၊ ၅၇၀၈၅၉၊ ဥက္ကဋ္ဌဒေါက်တာဦးစိုးတင် ဖုန်း-၆၀၀၁၅၄နှင့်အတွင်းရေးမှူး ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

တံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် Mikko Coffee Mix တို့ ကြီးမှူး၍ ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားအငယ်တန်းအကြိုဗိုလ်လုပွဲတွင် စက်မှု(၁)(က)အသင်းက စက်မှု(၁)(ခ) အသင်းကို ၇၃မှတ်၊၅၇မှတ်ဖြင့်နိုင်ပြီး၊ L.S.K အသင်းက ILBC အသင်းကို ၆၁မှတ်၊ ၅၄မှတ်ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့တက်သွားသည်။

အမျိုးသားအကြီးတန်းအကြိုဗိုလ်လုပွဲတွင် ဂါဂါ(က)အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ၉၀မှတ်၊၅၉မှတ်ဖြင့်နိုင်ပြီး၊ စက်မှု(၁)(က) အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ၈၀မှတ်၊ ၆၄မှတ်ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့တက်သွားသည်။

အမျိုးသမီးပတ်လည် ပြိုင်ပွဲတွင် ပြည်ထဲ ရေးအသင်းက စက်မှု(၁)(ခ) အသင်းကို ၇၅မှတ်၊၃၈မှတ်ဖြင့် နိုင်သည်။

အမျိုးသား တံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲများကို ယနေ့ဆက်လက်ကျင်းပရာ အမျိုးသား အငယ်တန်း တတိယလုပွဲတွင် စက်မှု(၁)(ခ)အသင်းနှင့် ILBCအသင်း၊ အမျိုးသားအကြီးတန်း တတိယလုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အမျိုးသမီးပတ်လည်ပွဲတွင် ရန်ကုန်တိုင်းအသင်းနှင့် စက်မှု(၁)(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ (ကြေးမုံ)

FREDA နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၇ရက် ညနေ ၅ နာရီတွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အအုံ(IBC) ပြည်လမ်း ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက် ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဖြူးမြို့နယ်တွင် သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၃

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ရက် နံနက် ၆နာရီတွင် ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ပဲခူးရိုးမတောင်ခြေရှိ ကျွဲမကူးကျေးရွာ၊ ကွာရီကျေးရွာနှင့် ကြက်ပေါင်ချောင်းကျေးရွာတို့၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ သို့ ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အတွင်းရေးမှူး ဦးမြသောင်း၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းအောင်နှင့် သစ်တောဝန်ထမ်းများ၊ ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ ကျေးရွာပြည်သူစုစုပေါင်း ၇၀၀ တို့သည် ကျွန်း၊ ကုက္ကို၊ သစ်ဆိမ့်၊ ပန်းတမာ၊ မယ်ဇလီ၊ စွယ်တော်၊ ၄ စသည့်အပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာ အပါး ၄၅၀တို့အား သမဝါယမဝန်ကြီးဌာန သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ဝန်ထမ်းမိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တဌာန ပါမောက္ခ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များအား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

လက်ခံ

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချစာသင် ဆရာတော် သံဃာတော်များအတွက် သမဝါယမဝန်ကြီးဌာန သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ဝန်ထမ်းမိသားစုက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၃၂၀၀၀၀ကို သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်းက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံသည်။

အမျှပေးဝေ

ထို့နောက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)သင်ကြားစီမံ ဆရာတော်များနှင့် စာသင် သံဃာတော်များအား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဇနီး ဒေါ်နီနီဝင်းနှင့် တာဝန်ရှိသူများက တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

ဇူလိုင် ၂၂ရက်က မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အဆင့်မြင့်တန်း ဘောလုံးအသင်း ၁၆ သင်းအတွက် ဘောလုံး အလုံး ၃၂၀ ကို ပေးအပ်ရာ ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင် လက်ခံယူစဉ်။

(ကြေးမုံ)

အထက(သုဝဏ္ဏ) သွေးလွန်တုပ်ကွေး ကာကွယ်ရေး ဆေးဖျန်းပွဲနှင့် ကျောင်းကျန်းမာရေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းကျန်းမာရေးအဖွဲ့မှ ကြီးမှူး၍ သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်၊ ယင်နှိမ်နင်းရေး ဆေးပက်ဖျန်းပွဲနှင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းဆေးဖျန်းကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်လွင်လွင်နှင့် တာဝန်ရှိသူများက ဟောပြောကြသည်။

အခမ်းအနားသို့ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး ဦးထွန်းမင်းနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဆရာမ ဒေါ်လှလေးသွယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (က-ပ)

(၁၈၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဩဂုတ် ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

(၁၈၇)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့)တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၁၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၁၈၇)ကြိမ်မြောက်တွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း၃၀၀ဆု တစ်ဆု၊ငွေကျပ် သိန်း ၅၀ဆု ၂၉ ဆု၊ ငွေကျပ် ၂၅သိန်းဆု ၁၂ ဆု၊ ငွေကျပ် ခြောက်သိန်းဆု ၆၆၅ ဆု၊ ငွေကျပ် ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ်နှစ်သိန်းဆု ၁၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ဆု၊ ငွေကျပ် ရှစ်သောင်းဆု ၂၄ဆု၊ ငွေကျပ် ငါးသောင်းဆု ၁၇၁၀ဆု၊ ငွေကျပ် လေးသောင်းဆု ၄၆ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၃၃ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၁၂ဆု ဖြစ်သည်။

ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ၆-၈-၂၀၀၄ နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဇူလိုင် ၁၇ ရက်က နှစ်ဖက်သော မိဘများအားရည်စူး၍ အမှတ် (၃၃) ၃လမ်း လှိုင်ရတနာမွန်အိမ်ရာ လှိုင်မြို့နယ်နေ ဦးအောင်ထွန်း-ဒေါ်ဝင်းရွှေ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညွှန့် လက်ခံယူစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "ဓမ္မာနုပဿနာ သတိပဋ္ဌာန်"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Major Legal Systems ပထမနှစ်-ဥပဒေပညာအထူးပြု
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ် (အပိုင်း-၉)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး ဒုတိယတွဲ (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ပျဉ်းမနားမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီတွင် ၁၅၁ လမ်းနှင့် ဗဟိုလမ်းထောင့် ဖျိုင်းရွာမရပ်ကွက် တာမွေမြို့နယ်ရှိ "ဇ"ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကန်တော့ခံမည့် အသက် (၇၅)နှစ်နှင့် အထက် သက်ကြီးများ ဩဂုတ် ၄ရက် နောက်ဆုံးထား စာရင်းပေးကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း- ၅၄၉၆၉၁၊ ၀၉-၅၀၁၆၆၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ဖဲ ဖုန်း-၂၉၂၀၈၆ နှင့် အတွင်းရေးမှူး ဦးမိုးမြင့် ဖုန်း-၇၀၁၁၄၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ်(၃/၂၀၀၄)ကို ဩဂုတ် ၉ ရက်မှ ၁၇ ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ၃နာရီအတွင်း ရန်ကုန်မြို့ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်တွင် သင်တန်းသား၊ သင်တန်းသူ ၅၀ဦးဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားသည်။ တက်ရောက်လိုသူများသည် တယ်လီဖုန်းအမှတ် ၃၇၉၃၆၁သို့ ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ (၄၅)



လောက်ကိုင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၄၄၀၀၀ ဖမ်းမိ

ရန်ကုန် ဇူလိုင် ၂၃

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ရက်တွင် လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းမြို့သစ်အနီးရှိ ဟော်ဖျင်ချိုင် ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ စုဆောင်းထားရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ လောက်ကိုင်မြို့နေ ဦးရန်ချိန်လူ၏သား စစ်လောင်ချိန်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၅၄၄၀၀၀၊ အက်ဖီဒရင်း ၂၈ကီလိုနှင့်အတူ ဖမ်းဆီးရမိသည်။ **(ဝဲပုံ)**

အဆိုပါ ဖမ်းဆီးရမိ တရားခံနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရည်မှန်းချက်များအောင်မြင်ရေး ကြိုးပမ်းနေသော ရေကူးအဖွဲ့ချုပ်

သတင်းဆောင်းပါး – ညီညီစိုးညွန့်၊ ဓာတ်ပုံ – စိုးညွန့် (ကြေးမုံ)

ရန်ကုန် ဇူလိုင် ၂၃

မြန်မာ့ရေကူးအားကစားနည်းကို တစ်ချိန်တစ်ခါကကဲ့သို့ အောင်မြင်မှုမျိုး ပြန်လည်ရရှိစေရန် ယခုအခါအရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ နိုင်ငံတကာပြိုင်ပွဲများအဖြစ် အရှေ့တောင်အာရှပြိုင်ပွဲတွင် သာမက အာရှပြိုင်ပွဲများ၌ပါ ရွှေတံဆိပ်များ ဆွတ်ခူးရယူနိုင်ခဲ့သည်။ သို့သော် ၁၉၇၀ပြည့်နှစ်နောက်ပိုင်းတွင် အောင်မြင်မှုနှင့်ဝေးခဲ့ပြီး ၁၉၉၇ခုနှစ်ကျမှ ရွှေတံဆိပ် ကို ပြန်လည်ရယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (မန်နေဂျင်း ဒါရိုက်တာ၊ ILBC)ကြေးမုံသို့ ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကမ္ဘောဒီးယား မြစ်ဖြတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်များ ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးတင်မောင်ဝင်း (မန်နေဂျင်းဒါရိုက်တာ၊ ILBC) တာဝန်ယူပြီးနောက် ရေကူးအားကစားနည်းတိုးတက်ရေးကိုတိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ခုနှစ် ဇူလိုင်လဆန်းတွင် အဖွဲ့ချုပ်ကို အသစ်ပြန်လည် ဖွဲ့စည်းပြီး မြန်မာ့ရေကူး အားကစားနိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် တိုးတက်ရေးအတွက် လူအား ငွေအားများစိုက်ထုတ်ကာ အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်ဝစွာ ပြင်းပြင်းထန်ထန် ဆောင်ရွက်လျက်ရှိပေသည်။

အသစ်ပြန်လည် ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်အနေဖြင့် ရှေ့ဆက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဇူလိုင် ၆ရက်နံနက်ပိုင်းတွင် တာမွေမြို့နယ်ရှိ ILBCကျောင်းတွင်ရှင်းလင်းပွဲ ကျင်းပခဲ့သည်။ အဆိုပါရှင်းလင်းပွဲတွင် မြန်မာ့ရေကူးအားကစား နိုင်ငံတကာပြိုင်ပွဲတွင် အောင်မြင်မှု ဆက်လက်ရရှိရေး၊ ရေကူးအားကစား တိုးတက်ရေး အတွက် လုပ်ကိုင်မည့်အဆင့် လေးဆင့်ချမှတ် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသွားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ရှင်းလင်းပြောကြားရာတွင် "မြန်မာ့ရေကူးအားကစားနည်း နိုင်ငံတကာရေကူးလောကတွင် အစဉ်တစိုက် အောင်မြင်မှုရရှိရေးကို ရည်ရွယ်၍ အဖွဲ့ချုပ်ကို သွေးသစ်လောင်းကာ ဇူလိုင်လဆန်းပိုင်းတွင် အသစ်ပြန်လည်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း၊ မိမိက ဥက္ကဋ္ဌ တာဝန်ကို ၂၀၀၂ခုနှစ်မှ စတင်၍ တာဝန်ယူခဲ့ကြောင်း၊ မိမိအနေဖြင့် ရေကူးအားကစား အောင်မြင်တိုးတက်ရေးကို မျှော်လင့်တောင့်တလျက်ရှိကြောင်း၊ ထို့အတွက်ကြောင့် အသစ်ပြန်လည် ဖွဲ့စည်းထားသော အဖွဲ့ချုပ် အသစ်နှင့်အတူ မြန်မာ့ရေကူးအားကစား တိုးတက်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိမိတစ်ယောက်တည်း မဟုတ်ဘဲ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ အားလုံးက အားတက်သရော ဆောင်ရွက်ကြမည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌက "ရေကူးအဖွဲ့ချုပ် ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် အဆင့်လေးဆင့်ခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ဒိုင်လူကြီးများ မွေးထုတ်ပေးရန်

ဒုတိယဥက္ကဋ္ဌ ဦးညွန့်စိုး (လက်ထောက် ညွှန်ကြားရေးမှူး အား/ကာ) ပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ဖြစ်ကြောင်း၊ ဒိုင်လူကြီးစုစုပေါင်း ၇၀ ကျော် မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ထားပြီး လက်ရှိ ၃၉ ဦး မွေးထုတ်ပေးနိုင်ပြီးဖြစ်ကြောင်း၊ ယင်းဒိုင်လူကြီးများကို ဒုတိယဥက္ကဋ္ဌ ဦးညွန့်စိုး၊ အမှုဆောင်များဖြစ်သည့် ဦးသက်ဝင်း (နိုင်ငံတကာဒိုင်လူကြီး)၊ဦးသိန်းဝင်း၊ ဦးနန္ဒကျော်စွာနှင့် ဦးအောင်သန်းတို့က သင်တန်းပို့ချခဲ့ကြောင်း။

ဒုတိယအဆင့်အနေဖြင့် လက်ရွေးစင် အားကစားသမားများ ယခုထက် အောင်မြင်မှုပိုမို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ရေး ရည်ရွယ်၍ မကြာမီလအတွင်း တရုတ်(သို့မဟုတ်)ဩစတြေးလျနိုင်ငံသို့ လက်ရွေးစင်အားကစားသမားများကို စေလွှတ်လေ့ကျင့်စေမည် ဖြစ်ကြောင်း၊ အားကစားနည်းတစ်ခုအောင်မြင်ရန် အဓိကကျသော လူငယ်မျိုးဆက်သစ်များ မွေးထုတ်ရေးကိုလည်း စနစ်တကျ အစီအစဉ်ဆွဲကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊တတိယအဆင့်အနေဖြင့်အဖွဲ့ချုပ်၏ ကိုယ်ပိုင်ခေတ်မီ ရေကူးကန်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ရေကူးကန်ကို ကျိုက္ကဆံကွင်းအတွင်း၌ တည်ဆောက်ရန် လျာထားကြောင်း၊ စတုတ္ထအဆင့်အနေဖြင့် နိုင်ငံတကာဆက်သွယ်မှုကို ပို၍တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးညွန့်စိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)က ပြောကြားရာတွင် "လက်ရှိအဖွဲ့ချုပ်တွင် ပဏာမလက်ရွေးစင်နှစ်ဦးကိုသာ လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မိုးသူအောင်

အတွင်းရေးမှူး ဦးချိုမောင် ကြေးမုံသို့၎င်းသို့ ရှင်းပြသည်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

တစ်ဦးကိုသာ စခန်းသွင်းလေ့ကျင့်ထားပြီးရန်လင်းအောင်မှာဆေးတက္ကသိုလ် ပထမနှစ်တက်နေ၍ စခန်းဝင်ခြင်းမရှိဘဲ လေ့ကျင့်မှုသာ ရှိကြောင်း၊ မျိုးဆက်သစ်အားကစားသမားများအနေဖြင့် အမျိုးသား ၁၃ဦး၊ အမျိုးသမီး ကိုးဦးကို လေ့ကျင့်ပေးလျက်ရှိကြောင်း၊ လအနည်းငယ်တွင်နိုင်ငံခြားသို့စေလွှတ်လေ့ကျင့်စေမည်ဖြစ်ကြောင်း၊လောလောဆယ် ထိုအားကစားသမားများကို မိမိနှင့် တွဲဖက်အတွင်းရေးမှူး ဦးမြင့်လွင်တို့က လေ့ကျင့်ပေးနေကြောင်း" ပြောကြားသွားသည်။

ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးက "မိမိတို့အဖွဲ့ချုပ်အနေဖြင့် တစ်နှစ်တွင် ပြည်တွင်းပြိုင်ပွဲခြောက်ခု ကျင်းပကြောင်း၊ မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်းများ၊ ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများ များများကျင်းပပေးရန်လိုကြောင်း၊ သို့မှသာမျိုးဆက်သစ်အားကစားသမား ပေါ်ထွက်လာနိုင်ကြောင်း"ပြောကြားသွားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးချိုမောင်က ပြောကြားရာတွင် "လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကလေးများရေကူးကစားခြင်းကို ဝါသနာပါကာလေ့ကျင့်လာရန် စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အဖွဲ့ချုပ်ကလည်း နည်းပြဆရာကောင်းများဖြင့် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ထိုအထဲမှ အလားအလာရှိသည့် ကစားသမားများကို ရွေးထုတ်ကာ လိုအပ်သည့်ပံ့ပိုးမှုများ ပေးကာ ဆက်လက် လေ့ကျင့်စေမည်ဖြစ်ကြောင်း" ပြောကြားသည်။

အသစ်ပြန်လည်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဦးဆောင်ပြီး အမှုဆောင်များ၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုကြောင့် အဖွဲ့ချုပ်၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ကာ အောင်မြင်မှုများ ရရှိလာမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

မြန်မာ့ရေကူး လက်ရွေးစင် အားကစားမယ် မိုးသူအောင် အား လေ့ကျင့်ရေးကန်၌ တွေ့ရစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မျိုးဆက်သစ် ရေကူးအားကစား မောင်မယ်များ လေ့ကျင့်နေစဉ်။
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ဖက်ပင်အိုင်စာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက်၊ ဖက်ပင်အိုင် စာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော်ဘဒ္ဒန္တဂန္ဓမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော စာချ၊ စာသင် သံဃာတော် အရှင်မြတ် အပါး ၂၀၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဖက်ပင်အိုင် စာသင်တိုက်၌ ၁၃၆၆ခု၊ ဒုတိယဝါဆိုလပြည့်၊ ဇူလိုင်၃၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

ဗဟိုစာရင်းအင်းအဖွဲ့ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၃

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ခြောက်ထပ်ရုံးရှိ ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဃ်န်းကျွန်းမြို့နယ် လယ်တီဝိပဿနာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘ ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြပြီး သံဃာတော် အရှင်သူမြတ်များအား ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်နှင့်ဝန်ထမ်းများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်(၇၅)နေ ကွယ်လွန်သူ ဒေါ်ကျင်ဗုက်၊ ဒေါ်သိန်းကြည်တို့အား ရည်စူး၍ ဦးအုန်းမောင်က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း၂၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)တို့ထံ ဇူလိုင် ၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြစ်ရေကြီးခြင်းသတိပေးချက်

ရန်ကုန် ဇူလိုင် ၂၃

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၇၃၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေ

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ကိုးပေခန့်၊ ဟုမ္မလင်းမြို့တွင် လေးပေခန့်၊မော်လိုက်မြို့တွင် လေးပေခွဲခန့်၊ ကလေးဝမြို့တွင် သုံးပေခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့်စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေ

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနေခဲ့သည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ဇူလိုင်လ ၂၄ရက်နေ့ ညနေအထိ မိုးလေဝသခန့်မှန်းချက်

ရန်ကုန် ဇူလိုင် ၂၃

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ရန်ကုန် မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရွာရန် ရာနှုန်း (၈၀) ဖြစ်သည်။

မိုင်းယန်းမြို့၌ ပန်းအလှပင်များ စိုက်ပျိုး

မိုင်းယန်း ဇူလိုင် ၁၆

မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးပန်းခြံ၌ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပန်းအလှပင်များ စိုက်ပျိုးကြသည်။

—— စိုက်ပျိုး ——

အဆိုပါ ပန်းအလှပင်များ စိုက်ပျိုးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ပန်းအလှပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(က-ပ)**

ရှားပြင်ကြီးဝိုင်း စိမ်းလန်းစိုပြည်ရေး စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပဲခူး ဇူလိုင် ၁၂

ပဲခူးတိုင်း ရှားပြင်ကြီးဝိုင်း ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် ရှားပြင်ကြီးဝိုင်း အကွက်အမှတ်(၃)တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း) တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး၊ ပေါက်ခေါင်းမြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း (အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ငွေ၊ ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်လေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း) တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများက ကျွန်းနှင့် မဲဇလီအပင် ၄၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(၄၉၇)**

ပန်းအလှပင်များနှင့် အရိပ်ရပင်များစိုက်ပျိုး

ဟိုပင် ဇူလိုင် ၁၂

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်-ခွန်းအောင်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုပူးပေါင်း၍ ဇွန် ၃၀ ရက်က မြို့မမြောက်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ပန်းအလှပင်နှင့် အရိပ်ရပင် ၃၅၀၀ ကျော် စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြသည်။ **(ပြည်နယ်စည်ပင်)**

၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲကို ဇွန် ၂၆ ရက်က မွန်ပြည်နယ် ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၀၇)

ဖားကန့်တွင် အမျိုးသမီးများနေ့ ကျင်းပ ထူးချွန်ဆုရ အမျိုးသမီးများ ဆုချီးမြှင့်

ဖားကန့် ဇူလိုင် ၁၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖားကန့်မြို့ ဆိပ်မူကျေးရွာ အလကကျောင်းခန်းမတွင် ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးလရော်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်လင်းမော်နှင့်အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုရဲမှူးလှဝင်းက အမှာစကားပြောကြားပြီး ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လင်းမော်က အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစံဝင်းက အမျိုးသမီးရေးရာဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဖားကန့်မြို့နယ် ကိုယ်စားပြု နိုင်ငံတော်အဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့် ဆုရ ထူးချွန်အမျိုးသမီး မထက်ထက်မိုးလွင်၊ မမိုးမိုးအောင်၊ မစပယ်ဦးတို့အား ဆုများချီးမြှင့်ကြသည်။ **(ဝဲပုံ)** **(၅၃၈)**

ကျုံပျော်မြို့ သာယာလှပရေး ဆောင်ရွက်

ကျုံပျော် ဇူလိုင် ၁၀

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇွန် ၂၉ ရက်က ကျုံပျော်မြို့ ပင်လုံရပ်ကွက် အသောကရာမဘုန်းကြီးကျောင်း လမ်းတစ်လျှောက် သန့်ရှင်းသာယာ လှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြသည်။

ဆောင်ရွက်

ထိုသို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူလူထု ပူးပေါင်းပြီး ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

သံဖြူဇရပ်မြို့နယ်၌ အလယ်တန်းကျောင်းဖွင့်

သံဖြူဇရပ် ဇူလိုင် ၈

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရင်တောင်ကျေးရွာတွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်းဖွင့်ပွဲနှင့် အထိမ်းအမှတ် အလံပေးအပ်ပွဲကို ဇွန် ၂၀ ရက်က ကျင်းပသည်။

ရေးဦးစွာ အလယ်တန်းကျောင်းကို သံဖြူဇရပ်မြို့နယ် အခြေခံပညာ ဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မွန်ပြည်နယ် အခြေခံပညာဦးစီးဌာန လက်ထောက် ပြည်နယ်ပညာရေးမှူး ဦးမင်းကျော်ဝေက အမှာစကား ပြောကြားသည်။ **(၂၅၇)**

မြို့သာယာလှပရေး စုပေါင်းဆောင်ရွက်

ကျောက်တံခါး ဇူလိုင် ၁၇

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်၍ မြို့တွင်း သန့်ရှင်းသာယာ လှပရေးအတွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝဲ၊ ယာနှင့် ပြည်သူ့ဆေးရုံရှေ့၊ နောက်၊ ဝဲ၊ ယာ၌ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဇူလိုင် ၁၀ ရက်က ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကန်ကြီးထောင့်မြို့နယ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဇူလိုင် ၂ ရက်က ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇေယာသီရိသုခ ခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော် ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (၄၈၇)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာအုပ်နှင့် စာနယ်ဇင်းများ ပေးအပ်လှူဒါန်း

နတ်မောက် ဇူလိုင် ၁၄

မကွေးတိုင်း နတ်မောက်မြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျောင်းကုန်းကျေးရွာတွင် ဇူလိုင် ၁၄ ရက် နံနက် ၉နာရီက လူငယ်အလင်းရောင်စာကြည့်တိုက်ကိုလည်းကောင်း၊ ပေါက်ကန်ကျေးရွာတွင် နံနက် ၁၁ နာရီက ဘဝရှေ့ဆောင် စာကြည့်တိုက်ကိုလည်းကောင်း၊ ဆီဆုံကျေးရွာတွင် မွန်းလွဲ ၁ နာရီခွဲက သုတရောင်ခြည် စာကြည့်တိုက်ကိုလည်းကောင်း ဖွင့်လှစ်သည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် သမိုင်းကြောင်းမှပေးသော သင်ခန်းစာများ ပြည်သူများအား ဆွေးနွေးဟောပြောသည်။

ထို့နောက် အလှူရှင် ဦးမြင့်ဆွေနှင့် ဒေါ်မေဦး မိသားစု လှူဒါန်းသော စာအုပ်၊ စာနယ်ဇင်း ၁၀၈ အုပ်ကို မိသားစုကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေက ရပ်ကွက်အဖွဲ့ဝင်(၁) ဦးသန်းရွှေသို့ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်/ပြန်ဆက်)**

မကွေးမြို့ ရွှေညာမြေသမအသင်း စည်းဝေး

မကွေး ဇူလိုင် ၁၀

မကွေးမြို့ ရွှေညာမြေ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

အဆိုပါ အစည်းအဝေးသို့ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ဦးစီးဌာနအရာရှိနှင့် အသင်းဝင်များ၊ အသင်းသူ၊ အသင်းသားများ စုံညီစွာတက်ရောက်ကြပြီး မကွေးတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေ စာရင်းများကို အတည်ပြုခြင်း၊ အသင်းသားများ၏ ပညာရည်ထူးချွန်သူ သားသမီးများအား ဆုချီးမြှင့်ခြင်း၊ အစုပေါ် အမြတ်ငွေများ ခွဲဝေခြင်းများ ပြုလုပ်ကြပြီး ရှေ့လုပ်ငန်းစဉ်များအား ချမှတ်အတည်ပြုကြကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ် လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်–

1. Wed offset Ink

(1) Black	-	8700 Kg
(2) Yellow	-	1200 Kg
(3) Magenta	-	1700 Kg
(4) Cyan	-	1900 Kg

2. Sheetfed offset Ink

(1) Black	-	900 Kg
(2) Yellow	-	600 Kg
(3) Magenta	-	700 Kg
(4) Cyan	-	400 Kg
(5) Green	-	909 Kg

3. Negative Plates & Chemicals

(1) 915x 626x0.3 mm	-	1400 Shts
(2) 1035x740x 0.3 mm	-	300 Shts

4. Positive Plates & Chemicals

(1) 740x615x0.3mm	-	300 Shts

5. Wipe On Aluminium & Chemicals

(1) 635x 745x 0.24mm	-	6400 Shts
(2) 650x550x0.24mm	-	16150 Shts

၂။ တင်ဒါပေးသွင်းမှုကို ၆–၈–၂၀၀၄ရက် (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH CLASSES			
	7:30 - 9:00 a.m.	26.7.04	Mon to Thur
	10:00 - 12:00 a.m.	2.8.04	Mon to Wed
	1:00 - 3:00 p.m.	14.8.04	Sat + Sun
	1:00 - 2:30 p.m.	16.8.04	Mon to Thur

ဖုန်း ⇒ 202046

မြကျော့ပြာ သင်္ကန်းတိုက်
☎ ၀၁–၅၂၂၁၀၁

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊
ယုဇနလမ်း၊ အမှတ်(၄/၉)နေ
ဒုတိယဗိုလ်မှူးကြီးကောက်တင်(ငြိမ်း)၊ ညွှန်ကြားရေးမှူး(ငြိမ်း)
သာသနာရေးဦးစီးဌာန–ဒေါ်ကြင်အေးတို့၏ သားငယ်
မောင်နေလင်းဦး B.Sc (Hons;), M.Sc (Geology)
မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း နှင့်
ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဈေးတန်းလမ်း၊
အိမ်အမှတ်(၂၈)နေ
(ဦးစောကြောင်ယူ–ဒေါ်မာ)တို့၏မြေး၊ ဦးယုသိန်း–ဒေါ်လှသန်း
(အ–မ–က(၉)၊မှူပြ–ငြိမ်း)တို့၏ သမီးကြီး
မကျင်ကျင်နု B.P.Sc (Physiotherapy)

တို့သည် ၂၂–၇–၂၀၀၄(ကြာသပတေးနေ့)တွင် ဘားအံမြို့၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေလင်းဦး–မကျင်ကျင်နု။

၁၉၈၄ခုနှစ် ဆေးတက္ကသိုလ်(၁)ကျောင်းဆင်းဆရာဝန်များ နှစ်(၂၀)မြောက် တွေ့ဆုံပွဲပြုလုပ်မည်

၁၉၈၄ခုနှစ် ဆေးတက္ကသိုလ်(၁)ကျောင်းဆင်းဆရာဝန်များ တွေ့ဆုံညစာစားပွဲကို ယခုနှစ် ဒီဇင်ဘာလ ၂၆ရက် ညနေ ၆နာရီအချိန်တွင် ရွှေဘဲစားတော်ဆက် (၈)မိုင်၌ကျင်းပမည်ဖြစ်၍ သူငယ်ချင်း ရောင်းရင်းများ မိသားစုလိုက် တက်ရောက်နိုင်ကြောင်း ဖိတ်ကြားပါသည်။

ဆက်သွယ်ရန်လိပ်စာမှာ–

(၁) **ဒေါက်တာခင်မောင်ထွေး ဖုန်း– ၅၇၁၁၇၁၊၀၉–၈၀–၃၁၈၄၅**
e-mails; drhtwe @ mptmail. net.mm; T.M.C @ mptmail net.mm imhle @ mptmail.net.mm

(၂) **ဒေါက်တာစိုးဝင်း ဖုန်း–၃၇၁၅၄၈၊ ၀၉–၈၀–၂၅၂၀၅၊ ၀၉–၈၀–၂၂၉၉၃**
e-mails; soekay @ myanmar.com.mm

(၃) **ဒေါက်တာကြည်ကြည်စန်း ဖုန်း–၃၇၀၈၇၀၊၀၉–၅၀–၁၁၅၄၁**
e-mails; drkyikyisan @ myanmar.com.mm

(၄) **ဒေါက်တာသက်ဦး ဖုန်း–၅၃၄၈၇၁၊၃၇၆၁၄၃(ABCဆေးခန်း)**

MAA In Quest of Excellence
377, Shwebontha Ye Yeik Thu, Units 12 & 24, 1st Floor, Shwebontha Street, Pabedan, Yangon. Ph: 250 501/2
LCCI
Accounting
LCCI Level I, II, III
* 100% Guarantee pass
* Don't pass don't pay scheme
* With latest study material, dynamic teaching method
* Convenient venue (upper shwebontha street)
* Mordern classrooms, facilities & others
10% OFF
STARTING DATE 25 JULY 2004

TODAY ENGINEERING SERVICE & TRAINING
Repairing, Installation, Servicing & Maintenance Service
Theory & Practical
Hand Tools
220016
220152
No. 41, G/F, 7th St, Lanmadaw Tsp, Yangon.
29-7-04

လက်ထပ်ပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
သတင်းစာဆရာ ဦးထွန်းသာ(မောင်ရဲဝင်း)–ဒေါ်ယဉ်နွဲ့တို့၏ သားထွေး
ဒေါက်တာစည်သူထွန်း(ညီညီ) (ခေတ္တ–UK)
Dumfries & Galloway Royal Inifrmary
နှင့်
ရန်ကုန်မြို့နေ
ဒေါက်တာထင်မြတ်–ဒေါ်အေးအေးတို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာလှမြတ်သီဂီ (ခေတ္တ–UK)
Glenfield General Hospital

တို့သည် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်တွင် ၁–၇–၂၀၀၄ရက် UK နိုင်ငံ Leicester Registration Office တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးပါကြောင်းနှင့် ကျွန်တော်/ကျွန်မတို့၏ ၃–၇–၂၀၀၄ရက် Holiday Inn Birmingham City Hotel၌ ပြုလုပ်သောမင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော UKနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာဦးကျော်ဝင်းနှင့် ဇနီး၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပေးသော မြန်မာအသင်း (UK) ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ဇနီး၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးသော ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ အတွင်းဝန် ဦးကျော်ညွန့်လွင်နှင့် သူငယ်ချင်း မိတ်ဆွေများအားလည်းကောင်း၊ ၄–၇–၂၀၀၄ရက်တွင် Birmingham Buddhist Vihara ၌ ပြုလုပ်သော မင်္ဂလာဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နိုင်ငံရပ်ခြားမှ ကိုယ်တိုင်ကိုယ်ကျကြွရောက်ကူညီကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစည်သူထွန်း(ညီညီ)နှင့် ဒေါက်တာလှမြတ်သီဂီ။

ရွှေသမင်

အမည်ပြောင်းခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မြရိတ်ကျွန်းအုပ်စု၊ လက္ကာသနီ(ခ)စေတီကုန်းကျေးရွာနေ ဦးလှထွန်းစိန်၏သမီး မမှဲ့နီဦး(ခ)ဦးမေသန်း(အထက–၁ မြောက်ဦး၊ နဝမတန်း) အား အိမိုးမိုးသွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **အိမိုးမိုးသွယ်။**

မောင်သာပြည့် ချစ်ခွင်
ထွက်ပြီ

တရုတ်စကားပြောသင်တန်း

တရုတ်စာနှင့် စကားပြောကို အခြေခံမှစ၍ တတ်မြောက်သည်အထိ အိမ်တိုင်ရာရောက် သင်ကြားပေးသည်။ (လူကြီး၊ ကလေး)
ဆရာသိန်းထိုက်ဝင်း Ph-210464

welcome to MOTHER LAND VIDEO & PHOTO
Video မှ VCD, DVD သို့ ... PAL ⇔ NTSC ...
Video ... SONY Digital Micro MV DVCAM 3CCD,
CyberShot Digital Still Camera ... MOTHER LAND ...



ကျေးလက်ဒေသ
ဖွံ့ဖြိုးဖို့
စပါးခင်းမှာ
ငါးမွေးစို့

ပုဂံဘုရားများ ပြန်လည်ပြုပြင် တည်ဆောက်ရေး ကုသိုလ်ရှင်နှင့် အလှူရှင်များ ဖိတ်ခေါ်ခြင်း

မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းစေတီပုထိုးများမှာ ငလျင်ဒဏ်၊ သဘာဝရာသီဥတုဒဏ် အမျိုးမျိုးတို့ကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၉၆ ခုနှစ်မှစ၍ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် စေတီပုထိုးပေါင်း ၁၁၇၅ ဆူတို့ကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍ ပြုပြင်ရန် ကျန်ရှိနေသော ပုထိုးများနှင့် အုတ်ကုန်းဘုရား ၂၆၈ ဆူတို့ကိုလည်း အလှူရှင်များပေါ်ပေါက်ပါက အင်္ဂါစုံ ဆက်လက်ပြုပြင်သွားမည်ဖြစ်ပါသည်။

ထပ်မံရှာဖွေတွေ့ရှိထားသော အောက်ဖော်ပြပါ ဂူဘုရားကြီး(၈)ဆူတို့မှာ ပျက်စီးယိုယွင်းလျက်ရှိရာ အင်္ဂါစုံ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်သွားနိုင်ရန် ကုသိုလ်ရှင်၊ အလှူရှင်များ ကုသိုလ်ယူပါဝင် လှူဒါန်းကြပါရန် ဖိတ်ခေါ်နိုးဆော်အပ်ပါသည်။ ပြန်လည်ပြုပြင်တည်ဆောက်မည့် ဘုရားပုထိုးစေတီများ၏ ပုံတော်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်-

ဘုရားအမှတ်	စေတီပုထိုးအရွယ်အစား			ခန့်မှန်းကုန်ကျမည့်ငွေ
	အလျား	အနံ	အမြင့်	
(၁) ဘုရားအမှတ်(၉၃၀)	၅၃'-၀"	၃၇'-၀"	၅၅'-၉"	ကျပ် (၂၅၀)သိန်း
(၂) ဘုရားအမှတ်(၁၀၉၅/က)	၃၂'-၀"	၂၄'-၀"	၄၆'-၀"	ကျပ် (၇၀)သိန်း
(၃) ဘုရားအမှတ်(၁၁၅၆)	၂၉'-၀"	၂၉'-၀"	၅၀'-၀"	ကျပ် (၆၀)သိန်း
(၄) ဘုရားအမှတ်(၁၂၂၈/က)	၁၅'-၀"	၂၉'-၀"	၃၀'-၀"	ကျပ် (၃၀)သိန်း
(၅) ဘုရားအမှတ်(၁၆၂၅)	၂၆'-၀"	၂၆'-၀"	၄၈'-၀"	ကျပ် (၈၀)သိန်း
(၆) ဘုရားအမှတ်(၁၂၅၇)	၁၉'-၆"	၁၉'-၆"	၄၀'-၀"	ကျပ် (၅၀)သိန်း
(၇) ဘုရားအမှတ်(၂၆၃၈)	၅၀'-၀"	၃၁'-၆"	၅၂'-၀"	ကျပ် (၂၀၀)သိန်း
(၈) ဘုရားအမှတ်(၂၆၅၄)	၁၄'-၆"	၁၄'-၆"	၂၉'-၀"	ကျပ် (၂၅)သိန်း

လှူဒါန်းနိုင်သည့် နေရာ/ဌာနများ

(၁) ယဉ်ကျေးမှုဝန်ကြီးဌာန(ဝန်ကြီးရုံး) - ဖုန်း-၅၄၃၂၃၅၊ ၅၄၃၂၃၃၊ ၅၄၁၇၆၇
(၂) ရှေးဟောင်းသုတေသနဦးစီးဌာန(ရုံးချုပ်) - ဖုန်း-၅၁၂၁၄၀၊ ၅၁၂၁၃၉
(၃) ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ(ပုဂံမြို့) - ဖုန်း-၀၆၁-၆၀၂၆၉

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနဦးစီးဌာန။

ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဒေါင့်ကြီးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ပန္နက်တင်

ပန်းတနော် ဇူလိုင် ၁၅

ပန်းတနော်မြို့နယ် ဒေါင့်ကြီးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ထပ် ကျောင်းဆောင်သစ် အလျားပေ ၃၃၀၊ အနံပေ ၇၀ ပန္နက်တင် အခမ်းအနားကို မရမ်းတောကျေးရွာ၌ ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာသာမိနှင့် ပင့်သံဃာ ၁၄ ပါး ကြွရောက်ကြပြီး မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ အဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစံမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးထွေးကြည်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်း၊ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကမ္ဗဝါဖတ်

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူကြပြီး သံဃာတော်များက ပန္နက်တင်မည့် နေရာများ၌ ကမ္ဗဝါဖတ်ကြသည်။ **(အပေါ်ပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ပန္နက်တင်မည့် နေရာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပန္နက်တင်ပေးကြသည်။ **(က-ပ)**

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပင်၊ အရိပ်ရပင်များ ဖြန့်ဝေ

တောင်ကြီး ဇူလိုင် ၂၀

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော တောင်ကြီးမြို့ ရပ်ကွက်နေအိမ်အသီးသီး၌ စိုက်ပျိုးမည့် ပန်းအလှပင်၊ အရိပ်ရပင်များ ဖြန့်ဝေပေးခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်ခမ်းနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ မြို့ပေါ်ရပ်ကွက် ၂၀ မှ ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုက အမှာစကား ပြောကြားပြီး ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုံးဝင်းတို့ ပန်းအလှပင်၊ အရိပ်ရပင်များ၊ စိုက်ပျိုးရေးနှင့် ဖြန့်ဝေပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒေါ်နန်းဆိုင်ခမ်းက ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ရှင်းလင်းပြောကြားပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဗိုခမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းနု **(အပေါ်ယာပုံ)**နှင့် တာဝန်ရှိသူများက ရပ်ကွက် ၂၀ မှ ဥက္ကဋ္ဌများနှင့် ပြည်နယ် ရဲတပ်ဖွဲ့ များသို့ ပန်းအလှပင်၊ အရိပ်ရပျိုးပင်ပေါင်း တစ်သိန်းကို ပေးအပ်သည်။ **(က-ပ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်က ကုန်းသာကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းဝင်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၄၇)

ရေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရေး ဇူလိုင် ၂၂

ရေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲကို ခြောက်ထပ်ကြီးဘုရားကြီးတိုက်ရှိ သာသနာ့လင်္ကာရကျောင်း အသင်းတည်ရှိရာ၌ ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြရန်နှင့် အလှူငွေများနှင့် ပစ္စည်းများကို ဥက္ကဋ္ဌ ဦးဝါရှိန် ဖုန်း-၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅၊ အမှုဆောင် ဒေါ်ခင်စောမြင့် ဖုန်း-၅၀၁၅၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မအူပင်တက္ကသိုလ်သို့သွားသည့် မြို့အဝင် လမ်းဆုံနေရာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ စက်ယန္တရားသုံး၍ ဝဲ၊ ယာ ရှင်းလင်းခြင်းတို့ကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာအောင်သံဃာဂုဏ်ပြုပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူမည်

မင်းကင်း ဇူလိုင် ၂၁

စစ်ကိုင်းတိုင်း မင်းကင်းမြို့ မင်္ဂလာပဋ္ဌာနတာရုံစာသင်တိုက်တွင် ၁၃၆၆ ခုနှစ် အစိုးရ ပါဠိပထမပြန် စာမေးပွဲ အောင်မြင်တော်မူကြသော(တိုင်းကျော်) အထူးအောင်တစ်ပါးနှင့် စာအောင်သံဃာများ ဂုဏ်ပြုပွဲ၊ နဝမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ နှင့် ၂၅ ရက်များတွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ စေတနာရှင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်သတင်းများ

မိုးရာသီ အားကစားပြိုင်ပွဲများ ကျင်းပ

စစ်ကိုင်း ဇူလိုင် ၁၅

စစ်ကိုင်းမြို့ သမဝါယမကောလိပ် မိုးရာသီအားကစားပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ ၉ ရက်ထိ ကျင်းပသည်။ အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အားကစားပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများအား အေ၊ ဘီ၊ စီဟူ၍ အသင်းသုံးသင်းခွဲပြီး အသင်းတစ်သင်းလျှင် အုပ်ချုပ်သူဆရာ၊ ဆရာမများက ကြီးကြပ်၍ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ တံခွန်စိုက်ဒိုင်းဆုကို အသင်းဘီနှင့်စီမှ ပူးတွဲရရှိပြီး ဆုပေးပွဲများကို အားကစားပြိုင်ပွဲ နောက်ဆုံးနေ့ ဖြစ်သည့် ဇူလိုင် ၉ ရက်တွင် ကျောင်းအုပ်ကြီး ဦးရဲမြင့်အောင်နှင့် ကထိက၊ လက်ထောက်ကထိက၊ ဆရာ၊ ဆရာမများက ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

မွေးနေ့ဆုတောင်း

ဒုတိယဗိုလ်မှူးကြီးတင်အောင်(ဥက္ကဋ္ဌ-ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မော်လမြိုင်ခရိုင်)၏ချစ်ဇနီး ဒေါ်ခင်ခင်ထား(ခ)သက်ထား၏ ၂၄-၇-၂၀၀၄နေ့တွင် ကျရောက်သည့်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်သည်အထိ ချစ်ခင်ပွန်း "အောင်"နှင့် သားများ ဟိန်း၊ ဖြိုး၊ ထူးတို့နှင့်အတူ ပျော်ရွှင်သာယာသော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်ခင်ပွန်း - ဒုတိယဗိုလ်မှူးကြီးတင်အောင်
သားကြီး - အောင်ချမ်းဟိန်း B.A(Myanmar)-နန်းစုစုသန်း
သားလတ် - ဗိုလ်အောင်စည်ဖြိုး B.E(D.S.T.A)
သားငယ် - ဒုဗိုလ်အောင်ပြည့်စုံထူး B.Sc(D.S.A)
မြေးများ - အောင်မြင့်မိုရ်၊ အောင်မြတ်မိုရ်
အထက(၉)၊ မော်လမြိုင်။

Aung

အဲယားကွန်း၊ ရေခဲသေတ္တာ ပြုပြင်ရေး
အိမ်တိုင်ရာရောက်
စိတ်တိုင်းကျ ပြုပြင်ပေးသည်။
ဖုန်း-၅၅၇၉၀၃၊ ၅၄၁၅၃၂။

အမည်ပြည့်စွက်ခြင်း

ဦးခင်စိုး၏သမီး မဝါဝါဝင်းစိုး [၁၂/စခန(နိုင်)၀၅၇၈၇၉]အား မဝါဝါဝင်းစိုး (ခ) မအဥ္ဇလီချမ်းမြေ့ဟု ဖြည့်စွက်ခေါ်ပါရန်။

မဝါဝါဝင်းစိုး(ခ)မအဥ္ဇလီချမ်းမြေ့။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ(၈)လမ်း၊ အမှတ်-၉၉၈နေ ဦးကျော်သန်း (အင်န်/အိုကေအေ-၀၄၇၈၈၁)သည် အောက်ပါကုန်အမှတ်တံဆိပ်နှင့် စာတမ်းအမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်အရာရှိရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ်-၃၂၃၄/၉၇ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်အမည်၊ စာတမ်းအမှတ်အသားမှာ **"ဖော်ယူ (For You)"**ဟူသော အဆင့်မြင့် ဖိနပ်တံဆိပ်အမှတ်အသားဖြင့် ဦးကျော်သန်းမှ မိမိဉာဏ်စွမ်းဖြင့် တီထွင်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော သံဃာတော်စီး၊ အမျိုးသားစီး၊ အမျိုးသမီးစီး၊ စကစီး၊ ကလေးစီး အရွယ်စုံဖိနပ်အမျိုးမျိုးတို့တွင် ၎င်းကုန်အမှတ်အသားတံဆိပ် ခပ်နှိပ်၍လည်းကောင်း၊ ယင်းဖိနပ်များထည့်သွင်းအသုံးပြုသည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူအိတ်၊ စက္ကူဘူး၊ စက္ကူထုတ်၊ စက္ကူရွက်များ၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်းအားလုံးတို့အပေါ်တွင်လည်းကောင်း၊ ဖော်ပြပါကုန်အမှတ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီး ဖိနှိပ်၊ ရိုက်နှိပ်၊ ကပ်နှိပ်၍လည်းကောင်း၊ တစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ဦးကျော်သန်း တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ပါကုန်အမှတ် တံဆိပ်၊ စာတမ်းအမှတ်အသားများနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူပုံမှား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သံတူကြောင်းကွဲစာသားများဖြင့်ဖြစ်စေ၊ ကပ်နှိပ်ထုတ်လုပ် သုံးစွဲခြင်းမပြုရန် တားမြစ်လိုက်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ တုပပြုလုပ်သုံးစွဲ၊ ဖြန့်ဖြူး၊ ရောင်းချနေခြင်းများကို တွေ့မြင်သိရှိရပါက တစ်ဦးတည်းမူပိုင်ရှင် ဦးကျော်သန်းမှ တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးကျော်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသောင်းလှိုင်ဦး
B.A.,Dip. Ed., R.L., C.B.L., D.B.L.,
D.A.Psy., D.M.L., D.A.E
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၀၃၂)

(ရုံး)အမှတ်(၄၈)၊ မြေညီထပ်၊
ဘဏ်လမ်း၊ စုပေါင်းရုံးရှေ့၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သောမြေးဦး သားသား**ရှိန်းမင်းခန့်(ခ)ရွှေသွေး** (၂၄-၇-၂၀၀၄) ၁၃၆၆ခု၊ ဝါဆိုလဆန်း ၈ရက်နေ့တွင် သားသား ရွှေသွေး၏ (၈)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အောင်မြင်မှုအပေါင်းနှင့်ပြည့်စုံ၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်နိုင်ပါစေ။

ဘိုးဘိုး-ဦးကိုဦး
ဘွားဘွား-ဒေါ်ခင်ထွေးကြည်
ထွေး-မိသားစုပစ္စည်းအငှားဆိုင်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ
စက်ဆီချောဆီများဝယ်ယူလိုခြင်း

ဤစက်ရုံတွင်အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ဆီ၊ ချောဆီများအား ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၁။Engine oil SAE 50	-	(56)Drum
၂။Engine oil SAE 30	-	(5) ״
၃။Spindle oil (SAE 10)	-	(7) ״
၄။Heavy duty Grease	-	(7) ״
၅။Hydraulic oil	-	(7) ״

တင်ဒါပေးသွင်းရမည့်နေရာ-ဤစက်ရုံဝယ်ယူရေးဌာန
တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၂-၈-၂၀၀၄နေ့ (၁၃:၀၀)နာရီ
ဖုန်းအမှတ်-၁၅၃-၂၄၇၀၀
-၂၄၀၄၈။

စက်ရုံမှူး။

အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၁၇

ဒေါ်ဘေဘီ **လျှောက်ထားသူ**

(ကွယ်လွန်သူ-ဟာဖစ်ရှိတ်အီလာဟီဘွတ်-ကျန်ရစ်သောပစ္စည်းများနှင့်ပတ်သက်၍ အမှုအရေးတွင် သက်ဆိုင်သူများ။)

အထက်အမည်ပါလျှောက်ထားသူက ကွယ်လွန်သူ ဟာဖစ်ရှိတ်အီလာဟီဘွတ်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၂၃-၆-၂၀၀၄ရက်နေ့က ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူမှ အထက်ပါ ကွယ်လွန်သူ၏ကျန်ရှိရစ်သော ပစ္စည်းအပေါ်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း စသည့်လိုအပ်သော စာချုပ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ချုပ်ဆိုခြင်း၊ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခြင်းအတွက် မြေပုံ မြေရာဇဝင်ကူးယူခွင့် လျှောက်ထားခြင်း၊ မြေတိုင်းတာခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ ဂရန်မိတ္တူ လျှောက်ထားခြင်း စသည့်မြေနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားလာရာ ၎င်းလျှောက်လွှာကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ (၁၃၆၆ခုနှစ် ဝါခေါင်လဆန်း၃ရက်) နံနက် ၉း၃၀နာရီအချိန်တွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သည့် အထက်ပါကွယ်လွန်သူ၏ ပစ္စည်းများအရေးကိစ္စတွင် ပတ်သက်သူမည်သူမဆို အထက်ဖော်ပြပါရုံးချိန်း၌ ဤရုံးသို့လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

တစ်နှစ်ပြည့်မွေးနေ့ဆုတောင်း

သားလေး **မောင်ဖုန်းမြတ်လင်း (ခ) SALMAN** ရဲ့ ၂၄-၇-၂၀၀၄နေ့တွင် ကျရောက်သည့် တစ်နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင်အောင် ကျန်းမာပျော်ရွှင်ပြီးပြည့်စုံ၍ ထူးချွန်လိမ္မာသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အချစ်ဆုံး ပါပါ - ဦးစံလင်း
(Super Seven Stars Car Production)
မေမေ- ဒေါ်ရည်မွန်စိုးဝင်း။

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏
(၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)
SEVENTEENTH GEMS & JADE SALES OF THE UNION OF MYANMAR ECONOMIC HOLDINGS LIMITED

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို ၁၆-၈-၂၀၀၄ရက်နေ့မှ ၁၉-၈-၂၀၀၄ရက်နေ့အထိ အမှတ်(၆၆)၊ ကမ္ဘာ့အေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
(က) ၁၆-၈-၂၀၀၄ရက်နေ့မှ ၁၈-၈-၂၀၀၄ရက်နေ့အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊
(ခ) ၁၉-၈-၂၀၀၄ရက်နေ့တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်း၊

၂။ ဝယ်ယူလိုသူများသည် ၁၃-၈-၂၀၀၄ရက်နေ့မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ် (၄၀၀၀)၊ နိုင်ငံခြားသား EURO (၂၀)နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါသည်။

၃။ ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များမှလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ၂၀-၇-၂၀၀၄ရက်နေ့မှ ၃၀-၇-၂၀၀၄ရက်နေ့အတွင်း လာရောက်အပ်နှံနိုင်ပါသည်။

၄။ ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် (၀ဒသမ၄)ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်)
အမှတ်-၂၄/၂၆ (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၁၀၅၃၊ ၃၇၀၅၆၁။
မြန်မာအင်ပီရီရယ်(လ်)ဂျိတ်
အမှတ်-၂၄/၂၆ (ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ)
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၁၀၂၇၊ ၃၇၀၅၆၄။

ဆေးပေါင်းရုံသုံးလောင်စာအဝယ်တင်ဒါ(၁/ ၂၀၀၄)

မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ၊ မန္တလေး/မြင်းခြံ/ရေဦး/ပခုက္ကူ/ရေစကြိုနှင့် ပေါက်ဒေသများရှိ ဆေးပေါင်းစခန်းများအတွက် လိုအပ်သောပေါင်းရုံသုံးလောင်စာ(ထင်း/မြေပဲခွံနှင့် စပါးခွံ)များအား ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများသည် ၂-၈-၂၀၀၄နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ ချိပ်ပိတ်ဈေးနှုန်းလွှာများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူရေးအဖွဲ့
ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ
ဖုန်း-၀၂-၇၀၅၆၇။



ဝန်ထမ်းအလိုရှိသည်
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

သျှင်ပါကူအထူးကုဆေးခန်းတွင် ခန့်ထားရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ တာဝန်ကျဆရာဝန် (M.O) **ကျား/မ (၂) ဦး**
(က) M.B.B.S ဘွဲ့ရပြီးသူဖြစ်ရပါမည်။
(ခ) ဆ. မလိုင်စင်ပါရှိရပါမည်။
(ဂ) အသက်၃၀မှ ၄၀နှစ်အတွင်း

၂။ အရည်အချင်း/အတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပါမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ဆ.မ လိုင်စင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

သျှင်ပါကူ အထူးကုဆေးခန်း
အမှတ်၇၁/၇၃၊ ဖိုးစိန်လမ်းထိပ်၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၅၇၄၄၄၊ ၅၄၉၈၂၀၊ ၅၄၈၇၇၉။

မိုးကုတ်ဆရာတော်ဘုရားကြီး
MP3 MP3
အက်ကိုး

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး 30% Off

အရှေ့တိုင်းမျက်မှန်
383884

ဆူးလေစင်တာဖိနပ်ဆိုင်
အမှတ်(204/208) 252804, 283359

တုပ်ကွေးရောဂါဆို ဆရာဦးစိုးဝင်း ၏ ဓါတ်စာ(ရိုင်) ဖြစ်နေ
မော်လမြိုင် ကြယ်နီ-ငန်းဆေး ကို သုံးပါ

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၁လမ်း၊ အမှတ်(၄၀)တွင် ရုံးခန်းဖွင့်လှစ်နေသော Myanmar Mercury Garment Manufacturing Co.,Ltd.သည် အောက်ပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

Dior
IV-၄၆၀၈/၂၀၀၄

California®
IV-၄၆၀၉/၂၀၀၄

Cotton N Cotton®
IV-၄၆၁၀/၂၀၀၄

S STYLE
IV-၃၆၁၉/၂၀၀၄

Myanmar Mercury Garment Manufacturing Co.,Ltd.သည် "Dior" "California" "Cotton N Cotton" နှင့် "S.STYLE"စသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ အမျိုးသား၊ အမျိုးသမီးဝတ် အင်္ကျီ၊ စပို့ရှပ်၊ ဘောင်းဘီနှင့် အဝတ်အထည်အမျိုးမျိုးတို့ကို ချုပ်လုပ်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊ ဆိုင်ခန်းအမှတ် (W-၂၁/၂၂)တွင် ဖွင့်လှစ်ထားရှိသော "Mercury Showroom"မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကို ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ ချုပ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၃၀(ပထမထပ်)၊ ၄၄လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-(၀၁)-၂၉၆၁၃၂၊ ၂၉၈၅၄၁။

ဖခင်အမည်မှန်

အထက(၂)လသာ ဒသမတန်း (စ)မှ မခင်ချိုသိမ့်၏ ဖခင်အမည်မှန်မှာ ဦးမြတ်သောင်း[၁၃/တကန(နိုင်)၁၃၀၇၂၁]ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

အဘ ဦးဝင်းဋ္ဌေး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/မလမ(နိုင်)၀၄၅၈၀၈]၏သား သတ္တမတန်း၊ အထက(၁)မုဒုံမြို့တွင် ပညာသင်ကြားနေသော မောင်သက်ဇင်ဝင်းအား ဟိန်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်နိုင်**

သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်မျိုးဇင် [၈/ပခက(နိုင်)၂၀၈၆၈၉] သည် မိဘတို့၏ဆိုဆုံးမစကားကိုနားမထောင်ဘဲမိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင်၎င်း၏ကိစ္စအဝဝကိုလုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

မိဘများ-ဦးထွန်းရှိန်
(PAK-၀၅၉၉၆၂)
ဒေါ်ခင်တိုးဝင်း
(PAK-၀၈၄၉၃၅)။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

